မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၁)

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စည်းလုံးချစ်ကြည်မှုကို မဏ္ဍိုင်ပြုသည့်
အမျိုးသားညီလာခံကြီးကသာ
အနာဂတ် နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်

❐ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ အမျိုးသားရေးကို ဦးထိပ်ထားသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံတို့က စည်းလုံးချစ်ကြည်မှုကို မဏ္ဍိုင်ပြုသည့် အမျိုးသား ညီလာခံကြီးကသာ အနာဂတ် နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်။

အနာဂတ်နိုင်ငံတော်ကြီး ရေရှည်တည်တံ့နေမည့် ခိုင်မာစစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး ပြည်သူတစ်ရပ်လုံးကိုယ်စားပြုသည့် အမျိုးသားညီလာခံကြီးတစ်ရပ် ကျင်းပရမည်ဖြစ် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသည့် ရှေ့မှုဝါဒလမ်းစဉ်(၇)ရပ်သည် မြန်မာ့အနာဂတ်ကို မြန်မာ့ပိုင်ခွင့်အရ မြန်မာများကိုယ်တိုင် ချမှတ်ဖော်ဆောင်နေခြင်းဖြစ်

အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

စာမျက်နှာ ၅ ကော်လံ ၁ ■



နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

အမျိုးသားညီလာခံကြီးအောင်မြင်ရေး ပူးပေါင်းဆောင်ရွက် အဖျက်သမားအန္တရာယ် ပြည်သူ့စွမ်းအားဖြင့်ကာကွယ်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး ဦးတည်ချက်ကို အကောင်အထည်ဖော်သွားမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်နှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ကျင်းပပေးလျက် ရှိသည်။

အမျိုးသားညီလာခံကျင်းပခြင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အရေးကြီးသော ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်သည်။ ဖြတ်သန်းလာခဲ့သည့် အတိတ်သမိုင်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်အချို့ ရှိခဲ့ခြင်းကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ အခက်အခဲအကျပ်အတည်းများဖြင့် ကြုံခဲ့ရသည်။ ထို့ကြောင့် ယခုအခြေခံဥပဒေတွင် အားနည်းချက်၊ အဖျက်မျိုးစေ့မပါစေရန် အချိန်ယူပြီး စိစစ်ဝေဖန်သုံးသပ်ကာ အသေးစိတ်အခြေခံရမည့်မှုများကို အလေးအနက်ချမှတ်လျက် ရှိသည်။

အမျိုးသားညီလာခံသည် တိုင်းရင်းသားပြည်သူတို့၏ဆန္ဒကို ထင်ဟပ်အခြေခံသည်။ အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်သည့် တိုင်းပြုပြည်ပြု မွန်မြတ်သောလုပ်ငန်းစဉ်ကြီးလည်းဖြစ်သည်။ တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တိုင်းပြုပြည်ပြု ညီလာခံကြီးဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီတွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက် အုတ်မြစ်ချနေခြင်း ဖြစ်သည်။

ကောင်းမြတ်သည့် ရှေ့ရည်မှန်းချက်ပန်းတိုင်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီဖော်ဆောင်လျက်ရှိရာတွင် ပြည်တွင်းပြည်ပ အဖျက်သမားများသည် မှုမမှန် မသမာသည့် ကိုယ်ကျိုးအတ္တလွန် ရည်ရွယ်ချက်များဖြင့် နှောင့်ယှက်နေကြသည်ကိုလည်း မြင်တွေ့ကြားသိနေရသည်။ ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေး အားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်နေခြင်းကို အမျိုးသားရေး သတိကြီးစွာဖြင့် သိမြင်၊ တားဆီး၊ ကာကွယ်ရန် လိုအပ်ပေသည်။

ယနေ့နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုသမိုင်းစဉ်ကို မည်သည့်ပါတီအဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကမျှ ဟန့်တားပိတ်ပင် တားဆီး၍မရနိုင်ပေ။ အကယ်၍ ဟန့်တားပိတ်ပင် တားဆီးရန်ကြိုးပမ်းလာလျှင်လည်း ကြိုးပမ်းလာသူပင် သမိုင်းစဉ်တရား၏နင်းခြေခြင်းကို မလွဲမသွေခံရမည်ဖြစ်ပြီး သမိုင်းတရားခံအဖြစ် အမည်းစက် တင်ကျန်ရစ်မည်သာဖြစ်သည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီလ ၇ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသည်။

အမျိုးသားညီလာခံကြီးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကျယ်ပြန့်စွာကိုယ်စားပြုသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက နိုးကြားတက်ကြွသော တာဝန်သိစိတ်ဓာတ်ဖြင့် အတိတ်ကရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အားနည်းချက်၊ အားသာချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်သုံးသပ်ပြီး ယနေ့မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အကျိုးစီးပွားနှင့် ကိုက်ညီမှန်ကန်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါသမယတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးအောင်မြင်ရေးအတွက် အဖျက်ဆူးငြောင့်များဖယ်ရှားရှင်းလင်းရေးကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှပါဝင်ပြီး အမျိုးသားညီလာခံကြီးအောင်မြင်ရေး ထောက်ခံအားပေးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကကျရာအခန်းကဏ္ဍမှ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ အမျိုးသားရေးအင်အားစုများအနေဖြင့်လည်း ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူတို့၏ ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက် ချေမှုန်းသွားကြမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်းတွင် ကွယ်လွန်သူဖခင် ဦးကြူးဝါး၊ မိခင် ဒေါ်ကျင်မြိုင်၊ ခင်ပွန်း ဦးကြည်သာ၊ သား ကိုဝင်းနိုင်နှင့် ကိုသန်းအေးတို့အား ရည်စူး၍ အမှတ်-၇၄ D အေးချမ်းသာယာလမ်း ရွှေဂုံတိုင်နေ ဒေါ်ခင်တင့်မိသားစုက ကျောင်းဖြစ်မြောက်ရေးကော်မတီသို့ အလှူငွေကျပ် သုံးသိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သင်ယူစရာ ပန်းချီပညာ (ရှုမျှော်ခင်းလက်တွေ့ရေးဆွဲခြင်း)
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပိုက်ဆက်အတတ်ပညာ (အပိုင်း-၂)
၇း၄၀	ဗွီစီဒီမိတ်ဆက် (အချိန်တိုင်း နေရာတိုင်း)
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	အသည်းရောင်အသားဝါ (ဘီ)ရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၁) ပါမောက္ခ ဦးခင်မောင်ဝင်း
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	Art & Technology Talk (ဦးမြင့်မောင်ကျော်နှင့် တွေ့ဆုံခြင်း)
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	လက်ယှက်သစ်ချောင်းနှင့် ပုံဖော် သစ်ထုတ်လုပ်မှုလုပ်ငန်း
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နှစ်ရှည်သစ်ပင် အသုံးချ သုတေသနဌာန
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	လက်ဆင့်ကမ်းဝေ ဂီတအမွေ (စောင်း)
၁၀း၃၀	အသုံးပြုစရာ ကာဖွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့
၁၀း၅၅	စားချင်စဖွယ် မုန့်လုပ်နည်း အသွယ်သွယ် (အုန်းစိမ်းနကျောက်ကျော၊ လိမ္မော်ပင်ပွားကျောက်ကျော)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	သူ့ဘဝ သူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ ရေဆေးပန်းချီ)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၉-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားရှင်"** (အပိုင်း-၄၂)

ကံ့ကော်ကျွန်းတောရိပ်သာ ငွေပဒေသာပင်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်းတောရ ရိပ်သာကျောင်းတိုက်အတွက် ထာဝရငွေပဒေသာပင် လှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ ဦးအောင်သိန်း-ဒေါ်ရှုဖွန်မိသားစု ကျုံးကြီးလမ်း ရန်ကုန်မြို့က ငွေကျပ်တစ်သိန်း၊ ဦးအံကူး အမှတ် (၁၃) မြို့ပတ်လမ်း စိန်မိသားစု ပလတ်စတစ်လုပ်ငန်း ကျောက်မြောင်း ရန်ကုန်က ငွေကျပ် နှစ်သိန်း၊ ဦးဝင်းကြည် ဒေါ်ကြင်အု၊ (၈၈) ဆင်ရေကန်လမ်း အလုံမြို့နယ် ရန်ကုန်က ငွေကျပ် ၅၀၀၀၀ တို့ကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒ(ရဝေစိုး)ထံ ဆက်ကပ်လှူဒါန်းကြသည်။အလှူရှင်များသည် ဖုန်း-၀၉-၅၀၀ ၁၀၈၀၊ ၀၉-၅၁၃ ၇၁၇၆၊ ၂၂၃၅၂၉၊ ၆၂၉၄၈၇၊ ၆၂၉၄၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဇန်နဝါရီ ၃ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေး စုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံ အကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီး ပေးပို့ခဲ့ကြသည်။

နီပေါနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ဒရာ၊ဘီ၊ဘီခရမ်ရှားဒေ့ဗ်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိကိုယ်တိုင်နှင့် နီပေါပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ အဆွေတော်ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့်မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်ပြီးကြွယ်ဝချမ်းသာပါစေလို့ဆုမွန်ကောင်းများ ပို့သပါကြောင်း၊ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးများသည် မိမိတို့နှစ်နိုင်ငံအတွက် လာမည့်အနာဂတ်တွင် တိုးတက်မှုများထပ်မံရရှိလာမည်ဟု ယုံကြည်ပါကြောင်းဖော်ပြပါရှိသည်။

ဘူတန်နိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျစ်မီဆင်း(ဂ်)ရီ၊ ဝန်ချွတ်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိကိုယ်တိုင်နှင့် ဘူတန်နိုင်ငံပြည်သူများကိုယ်စား လွတ်လပ်ရေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ လာမည့်အနာဂတ်တွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန်ဆုတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာမန်မိုဟမ်ဆင်းထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူပြည်သားများအတွက် မိမိကိုယ်တိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်သူပြည်သားများကိုယ်စားဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် ကဏ္ဍအားလုံး၌ စွမ်းအားပြည့်ပူးပေါင်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများ တိုးတက်ဖြစ်ထွန်းနေမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ကာလတွင်လည်း နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးချောမွေ့အောင်မြင်မှုများ ရရှိနေလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော်၏ (၅၈) နှစ်မြောက်လွတ်လပ်ရေးအခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံ ပြည်သူပြည်သားများ ကျန်းမာချမ်းသာပါစေကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆန်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူပြည်သားများကိုယ်စား ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပို့သပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်နေမည်ဟု ယုံကြည်ပါကြောင်း၊ ခိုင်မာသော အာဆီယံမိသားစုကြီးတစ်ရပ် ဖြစ်လာစေရေးနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအပြန်အလှန်ဖြစ်ထွန်းစေရေးတို့ကို အနာဂတ်ကာလတွင် မိမိတို့နှစ်နိုင်ငံစွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူပြည်သားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ ပို့သပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

(မြန်မာ့အလင်း)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမိဋ္ဌာန်

“လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် မွန်မြတ်သောလုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေးကာကွယ်စောင့်ရှောက်ကြပါစို့”

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား အနုပညာဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မိသားစုက ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား အနုပညာဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညဇနာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အဆောက်အအုံရှေ့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင် အဖွဲ့ဝင်များ၊ ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားအနုပညာဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်ဦး(စနိုးပွိုက်)၊ အတွင်းရေးမှူး ဦးတင်အောင်၊ ဘဏ္ဍာရေးမှူး ဦးဇော်မင်း၊ တွဲဖက်အတွင်းရေးမှူး(၃) ဒေါ်ဆွေဇင်ထိုက်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမြင့်စိုး (ခ) ဦးစူဝမ်းနှင့် ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီနှင့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံ အုပ်စု ကိုယ်စား မန်နေဂျင်းဒါရိုက်တာဦးဇော်မင်းက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီတို့ကိုအနုပညာရှင်၊အတတ်ပညာရှင် တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ခံရသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား “လျှို့ဝှက်သောနှင်း” ဇာတ်ကားမှ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရှင် အကယ်ဒမီရွှေစင် ရုပ်တုခုနစ်ဆုပိုင်ရှင် ညွန့်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အနုပညာဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား အကယ်ဒမီ ရန်အောင်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်ဧည့်သည်တော်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	ဖိုက္ကရဲရေထိန်းတံခါး
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅	၆။	အကပဒေသာ
၁၇း၂၅	၇။	မြန်မာစာ မြန်မာစကား (အပိုင်း-၃)
၁၇း၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး”** (အပိုင်း-၅၃)
၁၈း၅၀	၁၃။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်လှေကားထစ်လေးများ”** (အပိုင်း-၂၈)
၁၉း၄၀	၁၅။	တေးဂီတအစီအစဉ်
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **“အမြင့်ဆုံး”** (အပိုင်း-၁) ရန်အောင်၊ မေသန်းနု (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွန်း)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

9-1 (03).p65 1 3/24/1905, 7:42 PM

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် အိမ်ခေါင်မိုးပေါ်တွင် စုပုံနေသော ဆီးနှင်းများအား ရှင်းလင်းဖယ်ရှားနေသည်ကို ဇန်နဝါရီ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၏ ပုစွန်ဆိတ် ပြည်ပတင်ပို့မှုတိုးတက် နှစ်စဉ် ဒေါ်လာတစ်ဘီလီယံကျော်ရရှိရန် မျှော်မှန်း

ဒါကာ ဇန်နဝါရီ ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လာမည့် ၂၀၁၀ပြည့်နှစ်တွင် ပြည်ပသို့ ပုစွန်ဆိတ်တင်ပို့မှုမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဘီလီယံကျော်ဝင်ငွေရရှိရန် မျှော်မှန်းထားကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ရှိသော ပုစွန်ဆိတ်များတွင် တွေ့ရှိရတတ်သည့် ဘက်တီးရီးယားများကို စမ်းသပ်စစ်ဆေးရန် နိုင်ငံတကာ အဆင့်မီဓာတ်ခွဲခန်းတစ်ခုကိုလည်း တည်ဆောက်သွားရန် ဘင်္ဂလားဒေ့ရှ် အစိုးရက စီစဉ်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူဘတ်ချန်ဒရာ ဒါလီက ဇန်နဝါရီ၅ရက်ကြာသပတေးနေ့၌ ပြောကြားသည်။

အရည်အသွေး

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပုစွန်ဆိတ်များ၏ အရည်အသွေးနှင့် ပြည်ပတင်ပို့မှုလေ့လာရန် မကြာမီကပင် ဥရောပမှ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ လာရောက်ခဲ့ကြသည်ဟုလည်း ဆူဘတ်ချန်ဒရာဒါလီက ပြောကြားသည်။

ပိတ်ထားမည်

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပုစွန်ဆိတ် ပြည်ပတင်ပို့သူများအနေဖြင့် ပုစွန်ဆိတ်များတွင် ဘက်တီးရီးယားပါဝင်မှုကို စစ်ဆေးရန် စက်အသစ်များ တပ်ဆင်နေစဉ်အတွင်း ပုစွန်တင်သွင်းသူများအား ပုစွန်တင်သွင်းမှုကို ပိတ်ထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဥရောပနိုင်ငံများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပုစွန်ဆိတ်နှင့် ရေခဲရိုက်အစားအစာများ အဓိကတင်ပို့ရာ နိုင်ငံများဖြစ်ကြောင်းလည်း သိရသည်။

ဝယ်လိုအားကောင်း

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပုစွန်ဆိတ်များ ဝယ်လိုအားကောင်းလျက်ရှိရာ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ကာလဖြစ်သော ၂၀၀၄ ခုနှစ် ဇူလိုင်လမှ၂၀၀၅ခုနှစ် ဇွန်လအထိ ပုစွန်ဆိတ် ပြည်ပတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် ရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အာဖရိကတိုက်အမြင့်ဆုံးတောင်မှ ကျောက်တုံးများပြိုကျ အမေရိကန်တောင်တက်သမားသုံးဦး သေဆုံး

မောင့်ကီလီမန်ဂျာရို ဇန်နဝါရီ ၈

အာဖရိကတိုက်၏ အမြင့်ဆုံးတောင်ဖြစ်သော တန်ဇန်နီးယားနိုင်ငံရှိ ကီလီမန်ဂျာရိုတောင်ပေါ်မှ ကျောက်တုံးကျောက်ဆိုင်များ လိမ့်ဆင်းပြိုကျပြီး တိုက်ခိုက်မိသဖြင့် တောင်ထိပ်ကို တက်ရောက်ရန် ပြင်ဆင်နေကြသည့် အမေရိကန် တောင်တက်သမားသုံးဦး သေဆုံးသွားကြောင်း အရာရှိများက ဇန်နဝါရီ၅ရက်တွင် ပြောကြားသည်။

ပြိုကျ

ဇန်နဝါရီလ ၄ ရက်က ယင်းသို့ ကျောက်ဆိုင်ကျောက်တုံးများ ပြိုကျမှုတွင် အခြားအမေရိကန်သုံးဦးနှင့် တန်ဇန်နီးယားနှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ကီလီမန်ဂျာရို တောင် ဥယျာဉ် ကြီးကြပ်ရေးအကြီးအကဲ ဂျိမ်းဝါကီဘာလာက ပြောကြားသည်။

ကြမ်းတမ်း

ပင်လယ်ရေ မျက်နှာပြင်အထက် မီတာ ၄၇၀၀ ခန့်တွင် တည်ရှိသည့် အဆိုပါစခန်းသည် တောင်၏ခက်ခဲကြမ်းတမ်းသော လမ်းကြောင်းများ အနက် လမ်းကြောင်းတစ်ခုတွင် တည်ရှိကြောင်း ရိုက်တာက ဖော်ပြသည်။ ဒဏ်ရာ ရရှိသူနှစ်ဦးကို ကင်ညာနိုင်ငံ နိုင်ရိုဘီ မြို့သို့လေယာဉ်ဖြင့် တင်ဆောင်သွားခဲ့ပြီး အခြားသူသုံးဦးကို ကီလီမန်ဂျာရို ဆေးရုံသို့ တင်လိုက်ကြောင်း ဝါကီဘာလာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုဖြင့် စင်ကာပူ၌ ထိုင်းအမျိုးသမီးတစ်ဦးအား ထောင်ဒဏ်ငါးနှစ်ချမှတ်

စင်ကာပူ ဇန်နဝါရီ ၈

ထိုင်းနိုင်ငံမှ အသက် ၂၄နှစ်အရွယ်ရှိ အာရီဝမ်မူအန်ဆာဝပ်ဆိုသော အမျိုးသမီးတစ်ဦးအား စင်ကာပူ၌ မူးယစ်ဆေးဝါး ၂ဒသမ ၅၉ ဂရမ် မှောင်ခိုရောင်းဝယ်မှုဖြင့် ထောင်ဒဏ်ငါးနှစ် စီရင်ချက်ချမှတ်လိုက်ကြောင်း နယူးစ်အာရှက ဇန်နဝါရီ ၄ရက်၌ ဖော်ပြသည်။

ထောင်ဒဏ်ချမှတ်

သူမသည် ပြည်ပမူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူ ၁၄ဦးအနက်မှ ပထမဆုံး ထောင်ဒဏ်ချမှတ်အပြစ်ပေးခံရသူ ဖြစ်သည်။ ပြည်ပ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူ ၁၄ဦးတွင် ထိုင်းလူမျိုး ခုနစ်ဦး၊ ဗြိတိသျှလူမျိုးသုံးဦး၊ ဂျပန်တစ်ဦး၊ မလေးရှားတစ်ဦး၊ အမေရိကန်နှင့် စင်ကာပူတစ်ဦးစီ ပါဝင်ပြီး ယင်းတို့ကို ပြီးခဲ့သည့် ဒီဇင်ဘာလဆန်းက စင်ကာပူဗဟိုမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ယင်းတို့အနက်မှ လေးဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း၊ ဗြိတိသျှနှစ်ဦး၊ ထိုင်းငါးဦး၊ ဂျပန်တစ်ဦးကို ဆက်လက်ဖမ်းဆီးထားကြောင်း သိရသည်။

သေဒဏ်အပြစ်ပေး

မူးယစ်ဆေးဝါးမှောင်ခိုမှု၊ သုံးစွဲမှု သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်မှု စွပ်စွဲခံရပါက အနည်းဆုံးထောင်ဒဏ်ငါးနှစ်ချမှတ်နိုင်ပြီး အပြစ်ရှိကြောင်း ဝန်ခံပါက ကြိမ်ဒဏ်ငါးချက်ပါ အရိုက်ခံရမည်ဟု ဥပဒေပြဋ္ဌာန်းထားကြောင်း သိရသည်။

လွန်ခဲ့သောလက ဩစတြေးလျနိုင်ငံသား ငုယင်သောင်ဗန်ဆိုသူသည် ဘိန်းဖြူ ၃၉၆ ဂရမ်ကို ကမ္ဘောဒီးယားမှ ဩစတြေးလျ၊ ယင်းမှ စင်ကာပူသို့ မှောင်ခိုသွင်းရန် ကြိုးပမ်းမှုဖြင့် သေဒဏ်အပြစ်ပေးလိုက်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်တွင်းလေကြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများရရှိရေး ဗီယက်နမ်ဆွဲဆောင်မည်

ဟန်နွိုင်း ဇန်နဝါရီ ၈

၂၀၂၅ခုနှစ်တွင် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရန်နှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးအတွက် ဗီယက်နမ်လေကြောင်းလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုငွေ အမေရိကန်ဒေါ်လာ ၁၁ဒသမ ၇ ဘီလီယံလိုအပ်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက ဇန်နဝါရီ ၅ရက်ကြာသပတေးနေ့၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ လေကြောင်းလုပ်ငန်းသည် ၂၀၁၅နှင့် ၂၀၂၅ခုနှစ်ကာလများတွင် အရှေ့တောင်အာရှ၌ လေးခုမြောက်အကြီးမားဆုံး လေကြောင်းလုပ်ငန်း ဈေးကွက်ဖြစ်လာစေရေးအတွက် အဆိုပါ ရင်းနှီးမြှုပ်နှံမှုငွေကြေးများ လိုအပ်လျက်ရှိကြောင်း၊ လေကြောင်းလုပ်ငန်း၏ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးအတွက် ငွေကြေးစုစုပေါင်း ပမာဏ အမေရိကန် ဒေါ်လာ ခြောက်ဘီလီယံကျော် လိုအပ်ကြောင်း ဗီယက်နမ်နိုင်ငံ မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့ (စီအေအေဗွီ)အောက်ရှိ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဌာန၏ အကြီးအကဲ ဒင်ဗက်သန်က ပြောကြားသည်။

တင်ပြ

ထိုသို့ လေကြောင်းလုပ်ငန်း ငွေကြေးလိုအပ်မှုကို ဗီယက်နမ်နိုင်ငံ၏ အစိုးရဘတ်ဂျက်မှ ၂၀ရာခိုင်နှုန်းခန့်သာ ခွဲဝေပေးနိုင်သဖြင့် ငွေကြေးလိုအပ်မှု ရှိနေကြောင်း၊ ထို့ကြောင့် လေကြောင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများရရှိရေးကို ဆွဲဆောင်ရန် စီအေအေဗွီက ပြုလုပ်သွားမည်ဖြစ်ပြီး ဗီယက်နမ်အစိုးရက ခွင့်ပြုရေးအတွက်လည်း တင်ပြသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

စီစဉ်ထား

ဗီယက်နမ်နိုင်ငံတွင် မြို့တော်ဟန်နွိုင်း၊ ဟိုင်ဖွန်မြို့၊ ဒါနန်မြို့၊ ကွမ်နန်ပြည်နယ်အလယ်ပိုင်း၊ ဟိုချီမင်းမြို့၊ တောင်ပိုင်းဒေါင်နေးပြည်နယ်တို့၌ အပြည်ပြည်ဆိုင်ရာ လေဆိပ်ခြောက်ခုအပါအဝင် ၂၀၁၅ခုနှစ်တွင် မြို့ပြလေဆိပ်ပေါင်း ၂၄ခု တည်ဆောက်သွားရန် စီစဉ်ထားကြောင်းလည်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့လယ်၌ လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၈

ဘဂ္ဂဒက်မြို့လယ်တွင် ဇန်နဝါရီ ၅ရက် ကြာသပတေးနေ့က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအနီး လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ရသည်ဟု အမေရိကန် စစ်ဘက်မှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ ၂၀၀၃ခုနှစ် မတ်လမှစတင်ကာ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့သည့် အချိန်မှစ၍ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၁၈၆ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ရာမာဒီမြို့၌ ဗုံးခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၈

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ဇန်နဝါရီ ၅ ရက်က အီရတ်တပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာနကို ဗုံးခွဲတိုက်ခိုက်ခဲ့မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၆ ရက် သောကြာနေ့၌ ပြောကြားသည်။

သေဆုံး

ရာမာဒီမြို့တွင် အီရတ်တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာနအား ဗုံးခွဲတိုက်ခိုက်ခဲ့ရာတွင် လူ၇၀ခန့်သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ရာ၌ ထိုအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးခဲ့ရခြင်းဖြစ်သည်။

သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ အမှတ် (၂) မရိန်းတပ်ရင်းမှ တပ်ဖွဲ့ဝင်များဖြစ်ကြပြီး ထိုတပ်ဖွဲ့ဝင်များ၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ ၂၀၀၃ခုနှစ် မတ်လမှ စတင်ဝင်ရောက် ကျူးကျော်ခဲ့ချိန်မှစတင်ကာ အီရတ်၌ သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၁၈၈ဦးရှိပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်တစ်စီးကို ဇန်နဝါရီ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အမျိုးသားညီလာခံအောင်မြင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားရေးတာဝန်ဖြင့် ခံယူဆောင်ရွက်

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

လူထုအစည်းအဝေးမစတင်မီ နံနက် ၇ နာရီတွင် သတ်မှတ်စုရပ်အသီးသီးမှ နိုင်ငံတော်အလံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလံကိုင်အဖွဲ့၊ ဘင်ခရာအဖွဲ့တို့က ဦးဆောင်၍ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ တနိုင်းနှင့် မြစ်ကြီးနားမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့၊ ဒေသခံပြည်သူများ၊ မြစ်ကြီးနားမြို့ ဈေးသူ ဈေးသားများ၊ ကုန်သည်ကြီးများအသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အင်အား ၅၇၀၉ ဦးတို့ပါဝင်သော အမှတ်(၁)စစ်ကြောင်းသည် လည်းကောင်း၊ ဗန်းမော်၊ မန်စီ၊ ရွှေကူ၊ ဝိုင်းမော်နှင့် ချီဖွေမြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ကချင်အထူးဒေသ(၁)နှင့် အထူးဒေသ(၂)တို့မှ ကိုယ်စားလှယ်များ၊ ကချင်ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ၊ မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အင်အား ၅၀၅၄ ဦးတို့ ပါဝင်သော အမှတ်(၂)စစ်ကြောင်းသည်လည်းကောင်း၊ ပူတာအိုနှင့် မချမ်းဘောမြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြစ်ကြီးနား တက္ကသိုလ်၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ သူနာပြုအသင်း၊ ပညာရေးကောလိပ်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ကချင်ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူတို့ အပါအဝင် အင်အား ၅၈၆၉ ဦးတို့ပါဝင်သော အမှတ်(၃) စစ်ကြောင်းသည် လည်းကောင်း စုစုပေါင်း လူထုပရိသတ်အင်အား ၁၆၆၃၂ ဦးတို့သည် တက်တက်ကြွကြွ အားမာန်အပြည့်ဖြင့် ချီတက်ကြပြီး လူထုအစည်းအဝေးကျင်းပမည့် ပြည်နယ်အားကစားကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

သဘာပတိ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုး၊ ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မြင့်၊ ကချင်အထူးဒေသ(၁)ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်း၊ ကချင်အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ(၁) ဦးဂေါ်ရီဇော်ဆိုင်း၊ မြို့မိမြို့ဖ ဦးလှရွှေ(မြို့နယ်ပညာရေးမှူး၊ အငြိမ်းစား)၊ မြို့မိမြို့ဖ ဦးစိုင်းအေးကျော် (ဆန်ကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူး)တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မွန်းဂျာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ထုမိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများက **‘ရာသက်ပန်ပြည်ထောင်စု’**သီချင်း၊ **‘ပြည်မြန်မာ’**သီချင်းနှင့် အမျိုးသားညီလာခံကိုဂုဏ်ပြုသည့် တေးသီချင်းတို့ဖြင့် သံပြိုင်သီဆိုကြသည်။

ယင်းနောက် သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အတူတကွနေထိုင်ခဲ့

ထို့နောက် သဘာပတိ ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများ အေးအတူပူအမျှ အတူတကွ ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်သည့် ချမ်းမြေ့သာယာလှပသော ပြည်ထောင်စုအိမ်ဂေဟာကြီး၊ ရောင်စုံပန်းအလှများ ဖူးပွင့်ဝေဆာနေသော ပြည်ထောင်စု ပန်းဥယျာဉ်ကြီးဖြစ်ပါကြောင်း၊ ရှေးနှစ်ပေါင်းများစွာကတည်းက စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုများဖြင့် ပေါင်းစည်းယှက်နွယ် အတူတကွနေထိုင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် အေးချမ်းသာယာလှပပြီး ပြည်ထောင်စုကြီးအတွင်းက ပြည်ထောင်စုငယ်လေးအသွင်ဖြင့် တိုင်းရင်းသားလူမျိုးများ အတူတကွ ပေါင်းစည်းချစ်ကြည်စွာ နေထိုင်ကြပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ

အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့၍ ကချင်ပြည်နယ်သည် အတိတ်သမိုင်းက ခါးသီးလှသည့် ဆိုးမွေများကို ချေဖျက်နိုင်ပြီး တည်ငြိမ်အေးချမ်းမှုအပြည့်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင်မြင်နေခြင်းသည် နိုင်ငံတော်အတွက်၊ ပြည်နယ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးရလဒ်များဖြစ်ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ပေးခဲ့၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ ပိုမိုထက်သန်ခိုင်မာစေကြောင်း၊ အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ရရှိခံစားနေရပြီဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ စုံစုံညီညီပါဝင်သည့် အမျိုးသားညီလာခံကြီးတစ်ခုလိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းကော်မတီဝင် ၁၅ ဦးနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံ ကိုယ်စားလှယ်များ ၂၉ ဦးသည် ၁၉၉၂ ခုနှစ် ဇွန် ၂၃ ရက်မှ ဇူလိုင် ၂၀ ရက်အထိ အမျိုးသားညီလာခံ ကျင်းပရေး ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး

၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးချယ်ခံကိုယ်စားလှယ် ၁၀၇ ဦးအပါအဝင် အစုအဖွဲ့ရှစ်ဖွဲ့က ကိုယ်စားလှယ် ၇၀၂ ဦး တက်ရောက်ခဲ့ကြောင်း၊ လူတန်းစားမျိုးစုံ၊ အလွှာစုံ၊ တိုင်းရင်းသားမျိုးစုံ၊ ကိုယ်စားလှယ်ပေါင်းစုံ တက်ရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း။

အကြောင်းကြောင်းများကြောင့် ၁၉၉၅ ခုနှစ်မှာ အမျိုးသားညီလာခံကြီးသည် ယာယီရပ်ဆိုင်းသွားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး၏ အနာဂတ်သာယာလှပဖြောင့်ဖြူးရေးအတွက် ဦးတည်ချက်များချမှတ်ပြီး တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာ အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ်တွင် ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ရေး ဖိတ်ကြားပြီး ကျင်းပခဲ့ကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကို တက်ရောက်သည့် ကိုယ်စားလှယ် ၁၀၈၉ ဦးရှိကြောင်း၊ ကိုယ်စားလှယ်များ၏ ပညာအဆင့်အတန်းအနေဖြင့် ပါရဂူဘွဲ့ရသူ ၁၆ ဦး၊ ဘွဲ့လွန် ၅၅ ဦး၊ ဘွဲ့ရသူ ၅၉၇ ဦး၊ ဒီပလိုမာ ၂၁ ဦးနှင့် အသိပညာဗဟုသုတ အတွေ့အကြုံရင့်ကျက်သူများဖြစ်ကြကြောင်း။

ကချင်ပြည်နယ်၏ အမျိုးသားညီလာခံကိုယ်စားလှယ်များကို ကြည့်လျှင် ကချင်မျိုးနွယ်စု လူဦးရေ ၅၄၀၈၅၆ ဦးကို ကိုယ်စားပြုသည့် ဂျိန်းဖောလူမျိုး ကိုယ်စားလှယ် ၁၆ ဦး၊ လော်ဝေါ်လူမျိုး ကိုယ်စားလှယ် ငါးဦး၊ လာချိဒ်လူမျိုး ကိုယ်စားလှယ် နှစ်ဦး၊ ရဝမ်လူမျိုး ကိုယ်စားလှယ် ငါးဦး၊ လီဆူးလူမျိုး ကိုယ်စားလှယ် လေးဦး၊ ဇိုင်ဝါးလူမျိုးကိုယ်စားလှယ် တစ်ဦး စုစုပေါင်း ကချင်မျိုးနွယ်စု ကိုယ်စားလှယ် ၃၃ ဦးရှိပြီး ရှမ်းမျိုးနွယ်စုလူဦးရေ ၃၄၅၉၄၅ ဦးကို ကိုယ်စားပြုသော ကိုယ်စားလှယ် ၁၁ ဦးနှင့် ဗမာလူမျိုး လူဦးရေ ၄၁၄၄၉၆ ဦးကို ကိုယ်စားပြုသော ကိုယ်စားလှယ် ၁၁ ဦး၊ စုစုပေါင်း ညီလာခံကိုယ်စားလှယ် ၅၅ ဦးရှိကြောင်း၊ လူထုလူတန်းစား အလွှာအလိုက် ကြည့်မည်ဆိုလျှင် တောင်သူလယ်သမားကိုယ်စားလှယ် သုံးဦး၊ အလုပ်သမားကိုယ်စားလှယ် တစ်ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၄၁ ဦး၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ ဦးတို့က အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ပြီး ကချင်ပြည်နယ် လူထုကိုယ်စားပြု ဆွေးနွေးနေကြခြင်းဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံးကိုယ်စားပြု

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကိုတည်ဆောက်ရန် ပြည်သူတစ်ရပ်လုံး၏ဆန္ဒကို အခြေခံထင်ဟပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံကြီး၌ မလွဲမသွေလိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့နေမည့် ခိုင်မာသော၊ စစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံကြီးတစ်ရပ် ကျင်းပရမည်ဖြစ်ကြောင်း။

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို ဦးဆောင်စီမံခန့်ခွဲရမည့် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်း တိုင်းရင်းသားပြည်သူများအားလုံး လူထုလူတန်းစားအလွှာပေါင်းစုံ ရာသက်ပန် ရင်းနှီးချစ်ကြည်စွာ အတူတကွပေါင်းစည်းနေထိုင်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ ပြည်သားများဘဝ ရာသက်ပန်လုံခြုံမှုရှိရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနည်းလမ်း၊ စည်းကမ်း၊ လုပ်ငန်းစဉ်များ ညှိနှိုင်းရေးဆွဲ ချမှတ်အတည်ပြုကြခြင်းဖြစ်ပါကြောင်း။

ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အားနည်းချက်ကင်းပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ရမည် ဖြစ်ကြောင်း။

တစ်ခဲနက်ကျင်းပ

ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့ခိုင်မြဲနေမည့် ခိုင်မာသော၊ စစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးအတွက် အမျိုးသားညီလာခံကြီးကို မိမိတို့ ကချင်ပြည်နယ် ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံပြီး ဤအမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲကြီးကို တစ်ခဲနက်ကျင်းပရခြင်းဖြစ်ကြောင်း။ ***စာမျက်နှာ ၆ ကော်လံ ၁***

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မွန်းဂျာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ထုမိုင်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီး အမျိုးသားပန်းတိုင်သို့ လျှောက်လှမ်းရန် အမျိုးသားညီလာခံကြီးသည် အဓိကကျ

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ဝိုင်းမော်မြို့နယ်မှ ရပ်မိရပ်ဖ ဦးဆယော်ပေါလု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မန်စီမြို့နယ်မှ ရပ်မိရပ်ဖ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးထွန်းထွန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးလဖွမ်ခမ်းအောင် (အငြိမ်းစား)က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

အမျိုးသားညီလာခံကြီးကို ၂၂ ဒသမ ၈ သန်းကျော်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ နှစ်သန်းနီးပါးရှိသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ၄ ဒသမ ၅ သန်းနီးပါးရှိသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကိုးသောင်းနီးပါးရှိသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ ၂ ဒသမ၄ သိန်းကျော်သော အရန်မီးသတ်တပ်ဖွဲ့၊ လေးသိန်းနီးပါးရှိသော မြန်မာနိုင်ငံကြက်ခြေနီအသင်းစသည့် လူမှုရေးအသင်းအဖွဲ့ဝင် သန်း ၃၀ နီးပါးနှင့် ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံကြကြောင်း။

ပြည်သူတစ်ရပ်လုံးက အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံအားပေးနေကြသည့်အချိန်တွင် ပြည်တွင်းပြည်ပက အတ္တဖြင့်ယှဉ်သည့်အုပ်စုများသည် နိုင်ငံတော်ကြီးကို ထင်သကဲ့သို့ ခြယ်လှယ်၊ ကြိုးဆွဲရုပ် လုပ်ပြီး လက်ဝါးကြီးအုပ်သူတို့ အကျိုးစီးပွားအတွက် အမြတ်မထုတ်နိုင်မှာကို ပူပန်သောကများရောက်ပြီး နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်လုပ်ဆောင်နေကြသည်ကို တွေ့နေရကြောင်း၊ **သို့ဖြစ်၍ မိမိတို့ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ညီအစ်ကိုများအားလုံးကလည်း ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမှန်သမျှ၊ ဒို့တာဝန်အရေးသုံးပါး ထိပါးမှုမှန်သမျှ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း နှောင့်ယှက်မှုမှန်သမျှကို ပြည်သူ့သဘောထားလေးရပ်အတိုင်း ပြတ်ပြတ်သားသား ဖယ်ရှားသွားရမည်ဖြစ်ကြောင်း။**

အမျိုးသားရေးတာဝန်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အချိန်အခါကောင်း၊ ဦးဆောင်ဦးရွက်ကောင်းချိန်တွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် အမျိုးသားညီလာခံ အောင်မြင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကို အမျိုးသားရေးတာဝန်ဖြင့် ခံယူဆောင်ရွက်သွားကြပါ။

နိုင်ငံတော်၏မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

နေ့မအားညမနားတည်ဆောက်ခဲ့

ဆက်လက်၍ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးရားဝမ်ဂျူက အမျိုးသားညီလာခံကြိုဆို ထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအတိုင်းပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံကာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ၊ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး နေ့မအား ညမနား တည်ဆောက်ခဲ့၍ အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် တစ်ချိန်ကသမိုင်းကြောင်းတစ်လျှောက်၌ မိမိတို့ကချင်ပြည်နယ်အတွင်း တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ဖူးသည့် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်းတို့ကိုခံစားပြီး လုပ်ငန်းခွင်များအားလုံးကို လုံခြုံစွာဖြင့် ပြည်သူအများ ဆောင်ရွက်နေနိုင်ကြပြီ ဖြစ်ကြောင်း။

ပြည်နယ်အတွင်းဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ကျေနပ်မှုအပြည့်အဝဖြင့် ကြည်နူးကျေနပ်နေကြရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့တစ်နိုင်ငံလုံး၏အနာဂတ်အတွက် ကဏ္ဍအသီးသီး၌ တည်ဆောက်အကောင်အထည်ဖော်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံအတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံအဝန်းမှလူထုကိုယ်စားလှယ်များနှင့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေကြောင်း။

လွတ်လွတ်လပ်လပ်ဆွေးနွေးခဲ့

အမျိုးသားညီလာခံ လုပ်ငန်းအဆင့်ဆင့် တိုးတက်ဖြစ်ပေါ်လာရေး၊ တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်များ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြပါကြောင်း၊ အစုအဖွဲ့အစည်းအဝေးများ၊ စုံညီအစည်းအဝေးများ၌ လွတ်လွတ်လပ်လပ်ဆွေးနွေးခဲ့ကြပြီး ပွင့်ပွင့်လင်းလင်း မိမိတို့ဆန္ဒကို ဖော်ထုတ်တင်ပြနေကြကြောင်း။

အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူ (၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူအချို့ကို တညီတညွတ်တည်းချမှတ်အတည်ပြုနိုင်ခဲ့၍ ၇၀ရာခိုင်နှုန်းနီးပါး ပြီးစီးနေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် လိုအပ်သောဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာများကိုယ်တိုင်ချမှတ်ဖော်ဆောင်ရ

မိမိတို့နိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏အကျိုး၊ ပြည့်အကျိုးကို ပြည်သူများကိုယ်တိုင်ဖော်ဆောင်ခွင့်ရှိသည့် နိုင်ငံဖြစ်ကြောင်း၊ **နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်နေသည့် ရှေ့မူဝါဒ လမ်းစဉ် (၇)ရပ်သည် မြန်မာ့ဆန္ဒ၊ မြန်မာ့အကျိုး၊ မြန်မာ့အနာဂတ်ကို မြန်မာ့ပိုင်ခွင့်အရ မြန်မာများကိုယ်တိုင်ချမှတ်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း၊** အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နေခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ကို ယူချိန်မှစပြီး အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

အသက်တမျှအရေးကြီး

ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ အမျိုးသားတာဝန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ ဆွေးနွေးတိုင်ပင်နေကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးလှပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ပေါက်ရေး အမျိုးသားပန်းတိုင်သို့ လျှောက်လှမ်းရန် အမျိုးသားညီလာခံကြီးသည် အဓိကကျလှကြောင်း။

ထို့ကြောင့် လူထုအစည်းအဝေးသို့ အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက်တင်သွင်းလိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်သွင်းသွားသည်။

မိသားစုအိမ်ဂေဟာကြီး

ယင်းနောက် ဝိုင်းမော်မြို့နယ်မှ ရပ်မိရပ်ဖ ဦးဆယော်ပေါလုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြရာတွင် မိမိတို့နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ပြီး မိမိတို့ ယုံကြည်သက်ဝင်ရာ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်နိုင်ကြကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာများ၊ ကိုးကွယ်သည့်ဘာသာတရားများသည် ဒေသအလိုက် လူမျိုးစုအလိုက် မြန်မာ့လူဘောင် အဖွဲ့အစည်းအလိုက်ခွဲခြား၍ မရနိုင်လောက်အောင် ပေါင်းစည်းယှက်နွယ်နေကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ကြည်ဖြူဖေးမမှု၊ ရိုင်းပင်းကူညီမှုများဖြင့် ပေါင်းစည်းညီညွတ်မှုများရှိနေကြောင်း၊ နိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးများအားလုံးမှီခိုအားထားရာ သာယာချမ်းမြေ့သည့် မိသားစုအိမ်ဂေဟာကြီးတစ်ခု ဖြစ်ကြောင်း။

နိုင်ငံ၏နယ်မြေဒေသတိုင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းပေါင်းယှက်နေထိုင်သကဲ့သို့ မိမိယုံကြည်သက်ဝင်ရာ ဘာသာကိုးကွယ်ပြီး ရင်းနှီးချစ်ကြည်ညီညွတ်စွာ နေထိုင်ကြကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများသည် အချင်းချင်းပဋိပက္ခဖြစ်မှု၊ အားပြိုင်မှုများကင်းစင်ပြီး လွတ်လပ်စွာ ရှင်သန်ထွန်းကားနေကြောင်း၊ ဘာသာတရား အသီးသီးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအသွယ်သွယ်၏ ကောင်းမြတ်သည့် အမွန်မြတ်တရားများ ပေါင်းစည်းလွှမ်းခြုံမှုနှင့်အတူ နိုင်ငံတော်ကြီး အေးချမ်းသာယာစည်ပင်ဝပြောနေခြင်းဖြစ်ကြောင်း၊ မိမိတို့ယုံကြည်ရာ ဘာသာတရား၏ မွန်မြတ်သွန်သင်ဆုံးမမှုများနှင့်အညီ တည့်မတ်မှန်ကန်စွာကျင့်ကြံနေထိုင်နိုင်ကြောင်း။

စစ်မှန်သည့်ဘာသာရေးဆောင်ရွက်ချက်

နိုင်ငံတော်အနေဖြင့် ဘာသာရေးဆိုင်ရာ နေ့ကြီးရက်ကြီးများကို အထူး အလေးထားပြီး ဗုဒ္ဓဘာသာနေ့ကြီးရက်ကြီးများဖြစ်သည့် လပြည့်နေ့၊ ဥပုသ်နေ့များ၊ ခရစ်ယာန်ဘာသာ နေ့ကြီးရက်ကြီးများဖြစ်သည့် ခရစ္စမတ်နေ့၊ အစ္စလာမ်ဘာသာ နေ့ကြီးရက်ကြီးများဖြစ်သည့် ဘက္ကာရီးအစ်နေ့၊ ဟိန္ဒူဘာသာ နေ့ကြီးရက်ကြီးများဖြစ်သည့် ဒီပါဝလီနေ့များ၌ အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်ပြီး လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းသည် စစ်မှန်သည့် ဘာသာရေးဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ ဘာသာရေးခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် ဘာသာရေးအရအထွတ်အမြတ်နေရာများဖြစ်သည့် ဗုဒ္ဓဂယာနှင့် မက္ကာဘုရားဖူးခွင့်များ၊ ပြည်ပနိုင်ငံများမှာ ကျင်းပနေသည့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ ဘာသာရေးပေါင်းစုံ ချစ်ကြည်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အစည်းအဝေးများကို လွတ်လပ်စွာ တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြောင်း၊ ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူစသည့် ဘာသာများနှင့် ရိုးရာနတ်ကိုးကွယ်သူများသည် စိတ်လက်ချမ်းမြေ့စွာ လွတ်လွတ်လပ်လပ်ကိုးကွယ်နိုင်ကြကြောင်း။

ထို့ကြောင့် ဘာသာရေးနှင့်ပတ်သက်ပြီး လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုကို ပြည်သူပြည်သားတိုင်း မွေးရာပါအမျိုးသားရေးအခွင့်အရေးအဖြစ် ရရှိထားကြောင်းကို တင်ပြလိုကြောင်း၊ ရန်ကုန်မြို့တော်၏ ဗဟိုအချက်အချာနေရာဖြစ်သည့် ရန်ကုန်မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်မှာကြည့်လျှင် ဗုဒ္ဓဘာသာဝင်တို့၏ ဆူးလေစေတီ၊ အစ္စလာမ်ဘာသာဝင်တို့၏ ဗလီကြီးတစ်ခု၊ ခရစ်ယာန်ဘာသာဝင်တို့၏ မောန္တေလ (Church)တို့ နီးနီးကပ်ကပ်ရှိနေကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ဘာသာရေးနှင့်ပတ်သက်ပြီး–

“ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

- ဘာသာ၊ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးဆောင်ရွက်မှုတို့ကို အထက်ပါ အခွင့်အရေးတွင် မပါဝင်စေရ။
- ထိုသို့ လွတ်လပ်သောအခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။
- နိုင်ငံတော်သည် အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာ သာသနာများဟူ၍ အသိအမှတ်ပြုသည်။
- နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။
- နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့် တစ်ဖက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်းမုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော် သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးတွင် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေ ပြဋ္ဌာန်းနိုင်သည်”

ဟု အတိအလင်း ဖော်ပြထားကြောင်း၊ ၎င်းတို့သည် တိုင်းရင်းသားအားလုံး၏ ဘာသာရေးဆိုင်ရာ လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်နှင့် ပြည့်စုံသည့်အကာအကွယ်များပေးထားခြင်းများ ပြည့်စုံစွာပါရှိပြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် စစ်မှန်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တစ်ခုတည်းသော ပြည်ထောင်စုကိုယ်စားလှယ်များ အားလုံးညှိနှိုင်းတိုင်ပင်ဆွေးနွေးနေသည့်နည်းလမ်းဖြစ်သည်ဆိုသည်ကိုကောင်းစွာ သဘောပေါက်ယုံကြည်ကြောင်း။ *စာမျက်နှာ ၇ ကော်လံ ၁ သို့*

အမျိုးသားညီလာခံကြီးက နိုင်ငံတော်ရှေ့ရေးမျှော်တွေးပြီး ဒီမိုကရေစီနည်းကျ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများချမှတ်နေ

စာမျက်နှာ ၆ မှ

ထို့ကြောင့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ အတွင်းရေးမှူး ဦးရားဝမ်ဂျူ တင်သွင်းသွားသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

လွတ်လွတ်လပ်လပ်ဖော်ဆောင်

ဆက်လက်၍ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံကြီးသည် နိုင်ငံ၏အနာဂတ်ကောင်းကို ဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများ ညှိနှိုင်းတိုင်ပင် ရေးဆွဲနေကြခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသည် ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်သည့်နိုင်ငံပီပီ မိမိတို့နိုင်ငံ၏ ကောင်းကျိုးချမ်းသာကို မိမိတို့ပြည်သူများကသာ လွတ်လွတ်လပ်လပ် ဖော်ဆောင်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း အဓမ္မခိုင်းစေမှုများမရှိစေရေးအတွက် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေရေးရာကို လက်တွေ့ဆောင်ရွက်နေကြောင်း။

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတွင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နေကြောင်း၊ အမျိုးသားညီလာခံကြီးကလည်း နိုင်ငံတော်ရှေ့ရေးမျှော်တွေးပြီး ဒီမိုကရေစီနည်းကျ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နေကြောင်း၊ **အမျိုးသမီးများ၏အခွင့်အရေးကို အမျိုးသားများနှင့်တန်းတူ ပြည့်ပြည့်ဝဝပေးထား၍ မိမိတို့စိတ်ဝမ်းနှလုံး ချမ်းမြေ့ရကြောင်း၊** ထို့ကြောင့် မိမိတို့အမျိုးသမီးထုတစ်ရပ်လုံးက အဆိုရှင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးရားဝမ်ဂျူ တင်သွင်းသွားသည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်းအဆိုကို ထောက်ခံလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

စောင့်ရှောက်ပျိုးထောင်

ယင်းနောက် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကိုထောက်ခံ ဆွေးနွေး

- တရားရုံး၏ ခွင့်ပြုချက်မရရှိက နိုင်ငံသားတစ်ဦးကို ၂၄နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခွင့်မရှိစေရ။
- နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။
- နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။
- နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန် တာဝန်ရှိမည်။
- နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန် တာဝန်ရှိမည်။
- ပြည်သူတို့၏အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။
- နိုင်ငံသားများ၏လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့်တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေပြဋ္ဌာန်းမည်။

၎င်းတို့သည် နိုင်ငံသားတိုင်းရရှိမည့် အခွင့်အရေးကို နိုင်ငံတော်က အာမခံပေးထားသည့် မွေးရာပါ ရပိုင်ခွင့်များဖြစ်ကြောင်း။

မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်းသည့် အခြေခံမူနှစ်ချက်မှာ–

- နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ သားသမီးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်။

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကချင်အထူးဒေသ(၁)မှ ဗဟိုကော်မတီဝင် ဦးလန်ကျောဆောင်တိန့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကချင်အထူးဒေသ (၂) မှ ဗဟိုကော်မတီဝင် ဦးခွန်နောင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် စုပေါင်းပြီးအေးအတူပူအမျှ အတူတကွ နေလာခဲ့ကြသည့်နိုင်ငံဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူ၊ တပ်မတော် လက်တွဲပူးပေါင်းပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံနှင့် နိုင်ငံသား ၅၅သန်းကျော်၏ အကျိုးစီးပွားကို မိမိတို့နိုင်ငံသားများကသာ သယ်ပိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အခြေခံမူ(၁၀၄)ချက်ချမှတ်နိုင်ခဲ့

အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံမူ(၁၀၄)ချက် ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်ပြီး **“နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်”**ဟု ဖော်ပြထားကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေချိန်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းရေးဆောင်ရွက်နေကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံမူလေးချက် ပါဝင်ကြောင်း။

- နိုင်ငံတော်သည် ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။
- နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်။
- နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မည်။
- နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်မည်

တို့ဖြစ်ကြောင်း။

ဤအချက်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နိုင်ငံသားများ၏ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မူလတန်းပညာကို အခမဲ့သင်ခွင့်နှင့် အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့်ပညာသင်ကြားခွင့်ရရှိရေးသည် အမျိုးသားပညာရည်မြင့်မားရေး၊ ပညာရေးဖြင့်ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရေး ဖြစ်ကြောင်း။

ကိုယ်ပိုင်အသိစိတ်ဓာတ်

မိမိတို့မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုအစဉ်အလာအရ မိသားစုအသွင်နှင့် စုပေါင်းဝိုင်းဝန်းလုပ်ဆောင်မှုများ၊ တစ်ဦးလိုအပ်သည့်အကူအညီကို တစ်ဦးကဝိုင်းဝန်းစုပေါင်းလုပ်ဆောင်မှုများသည် မြန်မာလူမျိုးတိုင်း၏ ကိုယ်ပိုင် အသိစိတ်ဓာတ် စိတ်စေတနာအလျောက် ခံယူလုပ်ဆောင်တတ်ခြင်းဖြစ်ကြောင်း၊

တင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် အသင်းဝင်အင်အား လေးသန်းခွဲကျော်ရှိကြောင်း၊ မိမိတို့အသင်းသည် နိုင်ငံသားကောင်းများမွေးထုတ်ပေးနေသည့်မိခင်များ၊ အနာဂတ်နိုင်ငံတာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူမည့် နိုင်ငံ၏အညွန့် အဖူးကလေးငယ်များကို စောင့်ရှောက်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံအနာဂတ်ကို ကိုယ်စားပြုရင်း နိုင်ငံတော်၏ အနာဂတ်အကျိုးကို မျှော်ကိုးပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးတိုင်ပင်နေကြသည့် နိုင်ငံတစ်ဝန်းက ကိုယ်စားလှယ်တော်ကြီးများ၏ မေတ္တာ စေတနာကို သဘောပေါက်ကြောင်း။

အခြေခံအဆောက်အအုံများ

ယနေ့နိုင်ငံတော်တွင် ပြည်သူများသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူနှင့် တပ်မတော်လက်တွဲပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံ နေ့မအားညမနား အကောင်အထည်ဖော် တည်ဆောက်နေကြခြင်းသည်လည်း နိုင်ငံတော်အနာဂတ်အတွက် အခြေခံအဆောက်အအုံများပင်ဖြစ်ကြောင်း။

အစိုးရ၊ ပြည်သူ၊ တပ်မတော်၏ တူညီသောဆန္ဒ၊ တူညီသော ရည်မှန်းချက်တို့ကြောင့် နိုင်ငံတော်ကြီးတိုးတက်ဝပြောရေးကို ညီညီညွတ်ညွတ် တွဲယှက်ဆောင်ရွက်နိုင်နေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ဤရည်မှန်းချက်ရောက်အောင် ဦးတည်ကြိုးပမ်းခဲ့၍ မိမိတို့နိုင်ငံသည် ယခုကဲ့သို့ ငြိမ်းအေးသာယာတိုးတက်ဖွံ့ဖြိုးမှုအခြေခံကောင်းများရရှိနေပြီဖြစ်ကြောင်း။

အောင်မြင်မှုများရရှိ

မိမိတို့အပြုသဘောဆောင်သည့် အမျိုးသားရေးအင်အားစုကြီး၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများရရှိနေကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ မိမိတို့ကချင်ပြည်နယ်သည်လည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့နိုင်ကြကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်အခြေခံအကျဆုံး အမျိုးသားညီလာခံကြီးကို ကျင်းပနေပါကြောင်း၊ အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူ(၁၀၄)ချက်ကို အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ယင်းအထဲက နိုင်ငံသားများ၏ မူလအခွင့်အရေး တာဝန်များနှင့်စပ်လျဉ်းသည့် အခြေခံမူ(၉)ချက်ကို ရှင်းပြလိုကြောင်း။

- တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများ ဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှရုပ်သိမ်းခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်။
- နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်တို့ခံစားခွင့်ရှိသည်။

- နိုင်ငံတော်သည် မသန်မစွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အသက်မွေးပညာကို အလွယ်တကူသင်ယူနိုင်စေရန် စီမံဆောင်ရွက်မည်

ဆိုသည့်အချက်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် မိခင်၊ ကလေးနှင့် အိုမင်းမစွမ်းသူများကို ကာကွယ်စောင့်ရှောက်သည့် အချက်များဖြစ်ကြောင်း။

အခြေခံမူများချမှတ်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများချမှတ်နေကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ အမျိုးသားရေးကို ဦးထိပ်ထားသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံတို့က စည်းလုံးချစ်ကြည်မှုကို မဏ္ဍိုင်ပြုသည့် အမျိုးသားညီလာခံကြီးကသာ အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွက် အရေးပါလှသည့် အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျင်းပသွားရေးကို ပြည်သူတစ်ရပ်လုံး ကြိုဆိုထောက်ခံအားပေးကြကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်ရပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ပုံဖော်လမ်းခင်းပေးနေ

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးလဇွမ်ခမ်းအောင်(အငြိမ်းစား)က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံသည် နိုင်ငံတော်တွင်မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ဆွေးနွေးနေကြခြင်းဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပြီး အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးနေခြင်းဖြစ်ကြောင်း၊ **အမျိုးသားညီလာခံသည် မိမိတို့ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ အနာဂတ်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး အမျိုးသားရေးပန်းတိုင်ရောက်ရန် အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေခြင်းဖြစ်ကြောင်း။**

အမျိုးသားညီလာခံ၌ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူ(၁၀၄)ချက်ကို အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ကြောင်း ယင်းတို့အနက်က တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံမူများခြောက်ချက်ကို ရှင်းလင်းတင်ပြလိုကြောင်း၊ အဆိုပါအချက်များမှာ–

စာမျက်နှာ ၁၀ ကော်လံ ၁

9-1 (07).p65 1 3/24/1905, 7:42 PM

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၄)

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်အရ ဥပဒေပြုအဖွဲ့(၇)ဖွဲ့ ရှိလာပေမည်။ အဆိုပါဥပဒေပြုအဖွဲ့ (၇)ဖွဲ့မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့ဖြစ်ကြောင်း သိရှိခဲ့ရပြီးဖြစ်ပါသည်။

အမျိုးသားညီလာခံက အခြေခံမူများ ချမှတ်ထားရာတွင် **"နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်"** ဟူ၍ သတ်မှတ်ဖော်ပြထားသည်။

လွှတ်တော်ဖွဲ့စည်းမှုအဆင့်ဆင့်ကို လေ့လာလျှင် ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များကို ရွေးကောက်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်အသီးသီး၏ ဖွဲ့စည်းမှုတွင် ပါဝင်မည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများကို သတ်မှတ်ရာတွင်လည်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကောင်းဆုံး အကျိုးပြုနိုင်ရေးကို ရှေးရှုလျက် သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အုတ်အရောရောကျောက်အရောရော မဖြစ်သင့်ဘဲ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ပမာ ဖြစ်သင့်ပါသည်။

သို့ဖြစ်၍ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုခွင့်အာဏာကို တိုင်းရင်းသားပြည်သူတို့၏ကိုယ်စား တာဝန်ယူဆောင်ရွက်ကြရမည့် လွှတ်တော် ကိုယ်စားလှယ်အသီးသီးအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် စပ်လျဉ်းပြီး မေးမြန်းဆွေးနွေး သိရှိရမှုများကို တင်ပြလိုက်ရပါသည်-

စိုးမြကျော် - ဘကြီးခင်ဗျာ။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှုအသွင်သဏ္ဌာန်နဲ့ အနှစ်သာရပိုင်းဆိုင်ရာ ဆွေးနွေးချက်တွေကို ကျွန်တော်တို့ အတော်လေး ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အချို့အချက်အလက်တွေ ကျန်ဦးမယ်လို့ ထင်ပါတယ်။

ဘကြီးစိုး - ကျန်သေးတာပေါ့ကွယ်။ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက်တွေ ကျန်နေသေးတယ်လေ။ ဆက်ပြီးဆွေးနွေးကြတာပေါ့။

စိုးမြကျော် - ဟုတ်ကဲ့ပါဘကြီး။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းသတ်မှတ်ချက်ကစပြီး ရှင်းပြပေးစေလိုပါတယ်။

ဘကြီးစိုး - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့စပ်လျဉ်းပြီး **"အောက်ပါအရည်အချင်းများနဲ့ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-**

(၁) အသက်(၂၅)နှစ်ပြည့်ပြီးသူ၊

(၂) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ၊

(၄) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ"

ဆိုပြီး အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်။

စိုးမြကျော် - ဟုတ်ကဲ့ပါခင်ဗျာ။ အသက်(၂၅)နှစ်ပြည့်ပြီးသူဆိုတဲ့ ကန့်သတ်ချက်နဲ့စပ်လျဉ်းပြီး အကျိုးအကြောင်း သိပါရစေ။

ဘကြီးစိုး - ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြည်သူ့လွှတ်တော်အမတ်ရဲ့ အသက်ကို အနည်းဆုံး(၂၁)နှစ်လို့ သတ်မှတ်ထားတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ အသက်ကို အနည်းဆုံး (၂၈)နှစ်လို့ သတ်မှတ်ခဲ့တာတွေ့ရတယ်။

ကြီးကြီးမြ - ၁၉၈၉ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဥပဒေမှာ အသက်(၂၁)နှစ်ပြည့်ပြီး အဲဒီဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့ မဆန့်ကျင်သူများအနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံပိုင်ခွင့်ရှိတယ်လို့ သတ်မှတ်ထားတာ မှတ်မိနေသေးတယ်။

စိုးမြကျော် - ပြည်သူ့လွှတ်တော်ဟာ နိုင်ငံတော်နဲ့စပ်လျဉ်းပြီး လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းရမှာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ လုပ်ငန်းတာဝန်တွေကို ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ထမ်းဆောင်ရမှာဖြစ်တယ်လို့ သိထားရပါတယ် ဘကြီး။ အဲဒီလို နိုင်ငံတော်နဲ့စပ်လျဉ်းပြီး အရေးကြီးတဲ့လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ရမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဟာ အတွေ့အကြုံရင့်ကျက်ပြီး ဗဟုသုတကြွယ်ဝသူတွေ ဖြစ်သင့်တယ် မဟုတ်လား။

ဘကြီးစိုး - မောင်ကျော်ပြောတာ မှန်ပါတယ်။ ဒါကြောင့်မို့ အသက်(၂၅)နှစ်အရွယ်ဟာ အတွေ့အကြုံရင့်ကျက်စပြုလာပြီး ဗဟုသုတကြွယ်ဝအောင် ပိုမိုရှာမှီးဆည်းပူးနိုင်တဲ့ အသက်အရွယ်ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အရေးအရာများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုရာမှာ ကောင်းမွန်တဲ့ အကြံဉာဏ်တွေပေးနိုင်စွမ်းရှိလိမ့်မယ်လို့ အမျိုးသားညီလာခံကိုယ်စားလှယ်တွေက သုံးသပ်ပြီး ချမှတ်ထားတာပဲဖြစ်တယ်။

စိုးမြကျော် - ဟုတ်ကဲ့ပါဘကြီး။

ဘကြီးစိုး - **ဒါ့အပြင် ဗဟိုမှာရှိတဲ့ လွှတ်တော်နှစ်ရပ်ကိုကြည့်ရင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေက အများဆုံးဆိုတာ တွေ့ရလိမ့်မယ်။ ကိုယ်စားလှယ်ဦးရေကို (၄၄၀) လို့ သတ်မှတ်ထားတယ်မဟုတ်လား။ အဲဒီလိုသတ်မှတ်ထားတာဟာ တစ်ပြည်လုံးမှာ ဖြန့်ကြက်နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်အောင် ဖော်ဆောင်ပေးထားတာ ဖြစ်သလို အသက်ငယ်ရွယ်သူ မျိုးဆက်သစ်တွေလည်း များများစားစားပါဝင်နိုင်အောင် ရည်ရွယ်သတ်မှတ်ထားတာ ဖြစ်တယ်။ အသက်ငယ်ရွယ်သူ မျိုးဆက်သစ်တွေ များများပါလာနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရဲ့အသက်ကို (၂၅)နှစ်လို့ သတ်မှတ်ထားတာ ဖြစ်တယ်ကွယ့်။**

စိုးမြကျော် - ဆက်ပြီးရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး - **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့အသက်ကို အနည်းဆုံး (၂၅)နှစ်ပြည့်ပြီးသူဖြစ်ရမယ်လို့ သတ်မှတ်ထားတာမို့ အသက်(၂၅)နှစ်ပြည့်ပြီးသူ၊ အရည်အချင်းရှိတဲ့လူငယ်တွေ ပြည်သူ့လွှတ်တော်မှာ ပါဝင်လာနိုင်ကြမှာဖြစ်တယ်။ ထို့အတူပဲ အသက်(၄၀)တစ်ဝိုက် လူလတ်ပိုင်းတွေလည်း ပါဝင်လာကြလိမ့်မယ်။ အလားတူပဲ အသက်(၅၀)ကျော် (၆၀)အရွယ် လူကြီးပိုင်းတွေလည်း ပါဝင်လာဦးမှာပဲဖြစ်တယ်။**

ကြီးကြီးမြ - **လူကြီးပိုင်းက အတွေ့အကြုံရင့်ကျက်ပြီး အတိတ်ကို သိမီခဲ့ကြတယ်။ လူလတ်ပိုင်းက နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍကနေထမ်းဆောင်ရင်း ပစ္စုပ္ပန်ကို ဖြတ်သန်းနေကြတယ်။ အရည်အချင်းရှိတဲ့လူငယ်တွေကတော့ အဲဒီလူကြီးပိုင်းနဲ့ လူလတ်ပိုင်းတွေရဲ့ အတွေ့အကြုံတွေကို ဆင့်ပွားခံယူရင်း အတွေ့အကြုံအကြားအမြင် ဗဟုသုတတွေ လေ့လာဆည်းပူးရင်း အနာဂတ်နိုင်ငံတော်အတွက် ဉာဏ်သစ်ဆင် အားသစ်လောင်းနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်မှာ ချိတ်ဆက်ပေးထားတာပဲဖြစ်တယ်လေ။**

စိုးမြကျော် - သဘောပေါက်ပါပြီ ကြီးကြီး။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အသက်ကို (၂၅)နှစ်ပြည့်ပြီးသူလို့ သတ်မှတ်ထားတာဟာ နိုင်ငံနဲ့လူမျိုးရဲ့အနာဂတ်အကျိုးကို မျှော်မှန်းပြီး သတ်မှတ်ထားတာဖြစ်ကြောင်း တွေ့ရပါတယ်။ ပြည်သူ့လွှတ်တော်ဟာ မြန်မာနိုင်ငံရဲ့ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ် အမျိုးသားနိုင်ငံရေး အခန်းဆက်တာဝန်ကျေပွန်စေဖို့ ပေါင်းကူးဆက်စပ်ပေးတဲ့ သဘောလည်း သက်ဝင်နေပါတယ်။

ကြီးကြီးမြ - တစ်နည်းပြောရရင်တော့ လူကြီးပိုင်း၊ လူလတ်ပိုင်းနဲ့ လူငယ်ပိုင်းရဲ့ သမိုင်းအစဉ်အလာကောင်းနဲ့ ထက်မြက်တဲ့ စွမ်းပကား ကွင်းဆက်ပြတ်မသွားအောင်၊ အနာဂတ်အတွက် အမျိုးသားနိုင်ငံရေး ခါးဆက်မပြတ်အောင် ပျိုးထောင်တဲ့သဘောနဲ့ ဖော်ဆောင်ပေးထားတာ ဖြစ်ပါတယ်။

ဘကြီးစိုး - နိုင်ငံတော်ရဲ့တာဝန်ကို အနာဂတ်မှာ ပခုံးပြောင်းထမ်းဆောင်ရမယ့် တိုင်းချစ်ပြည်ချစ် မျိုးဆက်သစ်လူငယ်တွေ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးဆိုတဲ့ အကြောင်းရင်းခံက အဓိကပါပဲကွယ်။

စိုးမြကျော် - ရှင်းပါပြီခင်ဗျာ။ ဒါ့အပြင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟာ နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသား

နိုင်ငံခြားအစိုးရရဲ့ ကျေးဇူးခံကျေးဇူးစားတွေ၊ နိုင်ငံခြားအစိုးရရဲ့ လက်အောက်ခံ လက်ဝေခံဖြစ်နေသူတွေ၊ တိုင်းတစ်ပါးရဲ့ နိုင်ငံသားအဖြစ် ခံယူထားသူတွေဟူသမျှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိဘူးလို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။

အဲဒီလိုလူမျိုးတွေသာ နိုင်ငံရဲ့ အရေးပါအရာရောက်တဲ့ ရာထူး ဌာနန္တရတွေ ရရှိသွားရင် သူခိုးလက်ထဲ သော့အပ်သလို ဖြစ်သွားမှာပဲ။

ဒါကြောင့်မို့ နိုင်ငံခြားအစိုးရရဲ့ လက်အောက်ခံဖြစ်သူတွေ၊ တိုင်းတစ်ပါးရဲ့ နိုင်ငံသားတွေ ခံစားနေရတဲ့ အခွင့်အရေးနဲ့ အကျိုးကျေးဇူးတွေကို ခံစားနိုင်ခွင့်ရှိသူအားလုံး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိဘူးလို့ သတ်မှတ်ထားတာဖြစ်တယ်။

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်[...] အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေ[...] ရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆေ[...] ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေ[...] ရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂ[...] အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မ[...] ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့်[...] ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာဆောင်းပ[...] ဖော်ပြသွားမည် ဖြစ်ပါသည်။

ဖြစ်ရမယ်လို့ သတ်မှ[...] တယ်။ ဒါနဲ့ပတ်သက်[...]

ဘကြီးစိုး - ၁၉၄၇ ခုနှစ် ဖွဲ့စည်းအ[...] ပုဒ်မခွဲ(၁)မှာ "အသက[...] အခြေခံဥပဒေကသော်[...] သော် လည်းကောင်း[...] ချို့ငဲ့သည်ဟု ပြဋ္ဌာန်းခြ[...] ပါလီမန်အမတ်အဖြစ်[...] ထားခဲ့မိတယ်။

ကြီးကြီးမြ - ဟုတ်တယ်ကွယ့် မောင်[...] ဥပဒေကျမှ နိုင်ငံသားမိ[...] ဖြစ်သူများသာ လွှတ်တေ[...] တင်မြှောက်ခံပိုင်ခွင့်ရှိ[...] ကြီးကြီး မှတ်မိနေသေ[...]

စိုးမြကျော် - **ပြည်သူ့လွှတ်တော်နဲ့[...] ဂတ်နိုင်ငံတော်အတွက်[...] ကျင့်သုံးရာမှာ အမြင့်ဆ[...] အဲဒီလိုအဖွဲ့အစည်းတွေ[...] မွေးဖွားတဲ့ မြန်မာနိုင်[...] ကိုယ်စားလှယ်တွေအဖြ[...] လွှတ်တော်ကိုယ်စားလှ[...] မွေးဖွားသော နိုင်ငံသား[...] က ညှိနှိုင်းဆုံးဖြတ်သ[...] လျော်ကန်သင့်မြတ်လှ[...]**

ကြီးကြီးမြ - ဥပဒေပြုရာမှာ အရေးအ[...] အခြာအာဏာကို မထိပ[...] ထားနိုင်ဖို့ဖြစ်တယ်။ နို[...] အန္တရာယ်ဆိုတာ အမျိုး[...] ကျူးကျော်ဝင်ရောက်တ[...] ကိုယ့်လူသူ့ဘက်သား [...] လည်း ပုန်းလျှိုးကွယ်[...] ဒါကြောင့်မို့ လွှတ်တော်[...] မိဘနှစ်ပါးမှ မွေးဖွားဝ[...] တယ်လေ။

စိုးမြကျော် - မှန်ပါတယ်ကြီးကြီး။ [...] နိုင်ငံတွေမှာလည်း မိမိ[...] လွှတ်တော်ကိုယ်စားလှ[...] အချင်းတွေကို အခုလို[...] ပါတယ်။

ဘကြီးစိုး - ဒါကြောင့်မို့ အမျိုးသာ[...] များ၏ မူလအခွင့်အ[...] အခြေခံရမယ့်မူတွေချ[...] နှစ်ပါးမှ မွေးဖွားသူအ[...] နိုင်ငံတော် ဖွဲ့စည်းပုံ[...] သည့်နေ့တွင် ဥပဒေအ[...] နိုင်ငံသားများဖြစ်သည်[...] ပြုခြင်းနှင့် နိုင်ငံသားအ[...] ပြဋ္ဌာန်းသည့်အတိုင်းဖြစ်[...]

] အပိုင်း(၄)

စိုးမြကျော်

:ညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ
အခြေခံမူများနှင့် အသေးစိတ် အခြေခံ
လှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်
ခြေခံမူများနှင့် အသေးစိတ် အခြေခံ
ုင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏
ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။
အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို
လာခံဆိုင်ရာဆောင်းပါးများကို နေ့စဉ်

ဖြစ်ရမယ်လို့ သတ်မှတ်ထားတာကိုလည်း တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့လဲ ဆွေးနွေးပေးပါဦးဘကြီး။

ဘကြီးစိုး – ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(၁)မှာ "အသက်(၂၁)နှစ်ပြည့်သည့်အပြင် ယင်းအခြေခံဥပဒေကသော်လည်းကောင်း၊ တရားဥပဒေကသော် လည်းကောင်း၊ လိုအပ်သော အရည်အချင်းချို့ငဲ့သည်ဟု ပြဋ္ဌာန်းခြင်းမခံရသော နိုင်ငံသားတိုင်းသည် ပါလီမန်အမတ်အဖြစ် အရွေးခံခွင့်ရှိရမည်"လို့ ပြဋ္ဌာန်းထားခဲ့မိတယ်။

ကြီးကြီးမြ – ဟုတ်တယ်ကွယ့် မောင်ကျော်ရဲ့။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကျမှ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသားဖြစ်သူများသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း ပြင်ဆင်ပြီး ပြဋ္ဌာန်းခဲ့တာကို ကြီးကြီး မှတ်မိနေသေးတယ်။

စိုးမြကျော် – **ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဟာ အနာဂတ်နိုင်ငံတော်အတွက် ဥပဒေပြုအာဏာကို ကိုင်တွယ်ကျင့်သုံးရာမှာ အမြင့်ဆုံး အဖွဲ့အစည်းတွေဖြစ်ပါတယ်။ အဲဒီလိုအဖွဲ့အစည်းတွေမှာ မိမိတို့နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားတဲ့ မြန်မာနိုင်ငံသားစစ်စစ်များသာ လွှတ်တော်ကိုယ်စားလှယ်တွေအဖြစ် ပါဝင်သင့်တာမို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟာ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ရမယ်လို့ အမျိုးသားညီလာခံက ညှိနှိုင်းဆုံးဖြတ်သတ်မှတ်ထားတာဟာ အင်မတန်လျော်ကန်သင့်မြတ်လှပါတယ်။**

ကြီးကြီးမြ – ဥပဒေပြုရာမှာ အရေးအကြီးဆုံးက နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို မထိပါးစေဖို့နဲ့ ကာကွယ်စောင့်ရှောက်ထားနိုင်ဖို့ဖြစ်တယ်။ နိုင်ငံတော်အပေါ် ကျရောက်နိုင်တဲ့ အန္တရာယ်ဆိုတာ အမျိုးမျိုးရှိတယ်။ လက်နက်အင်အားနဲ့ ကျူးကျော်ဝင်ရောက်တာမျိုး ပေါ်ပေါ်ထင်ထင်ရှိနိုင်သလို ကိုယ့်လူသူ့ဘက်သား သူလျှိုဒလန်တွေ မွေးပြီးတော့လည်း ပုန်းလျှိုးကွယ်လျှိုးနဲ့ လုပ်ကြံဖန်တီးနိုင်တယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားတဲ့ မြန်မာနိုင်ငံသားဖြစ်ဖို့ လိုအပ်တယ်လေ။

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ ကျွန်တော်တို့နိုင်ငံမှာလိုပဲ တခြားနိုင်ငံတွေမှာလည်း မိမိတို့ အမျိုးသားအကျိုးစီးပွားအတွက် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပြည့်စုံရမယ့် အရည်အချင်းတွေကို အခုလိုပဲ သတ်မှတ်ကြတယ်လို့ သိရပါတယ်။

ဘကြီးစိုး – ဒါကြောင့်မို့ အမျိုးသားညီလာခံက နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး တာဝန်များနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူတွေချမှတ်ရာမှာ "တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်သည်"လို့ ချမှတ်ခဲ့တာပဲ ဖြစ်တယ်။

ကြီးကြီးမြ – အဲဒီအချက်နဲ့ ဆက်စပ်နေတဲ့ "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် နေထိုင်ခဲ့သူ"ဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ကိုလဲ ရှင်းပြပေးပါဦး ကိုစိုး။

ဘကြီးစိုး – **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံမယ့် ပုဂ္ဂိုလ်ဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ လူမှုရေးဖြစ်ပေါ်တိုးတက်မှုတွေကို စဉ်ဆက်မပြတ် လေ့လာထိတွေ့ သိရှိထားဖို့ လိုအပ်ပါတယ်။ အဲဒီလို သိရှိထားနိုင်ဖို့အတွက် အဲဒီပုဂ္ဂိုလ်ဟာ ရွေးကောက်တင်မြှောက်ခံရတဲ့ အချိန်နဲ့ တစ်ဆက်တည်း မြန်မာနိုင်ငံအတွင်းမှာ အနည်းဆုံး (၁၀)နှစ်တိုင်တိုင် နေထိုင်ခဲ့သူဖြစ်သင့်ပါတယ်။ အဲဒီလို မြန်မာနိုင်ငံအတွင်းမှာ အနည်းဆုံး (၁၀)နှစ် တစ်ဆက်တည်းနေထိုင်ခဲ့သူမဟုတ်ဘဲ နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ လှည့်လည်နေထိုင်တဲ့ နိုင်ငံသားကို အရွေးခံခွင့်ပြုထားရင် သူ့ရဲ့စိတ်သန္တာန်ကို ပြည်ပက ဘယ်လိုအရောင်မျိုးတွေနဲ့ဆိုးထားမှန်း ဘယ်သူမှ သေသေချာချာ သိကြမှာမဟုတ်ဘူး။ ဒါကြောင့်မို့ အဲဒီအရည်အချင်းသတ်မှတ်ချက်ကိုလည်း ထည့်သွင်းထားရတာဖြစ်တယ်။**

ကြီးကြီးမြ – **ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ လူတစ်စုတစ်ဖွဲ့က နိုင်ငံတော်အာဏာကို ခြယ်လှယ်သုံးစွဲခွင့်မရရှိအောင် စီမံဆောင်ရွက်ကြရမှာဖြစ်သလို အမေကျော် ဒွေးတော် လွမ်းတဲ့သူတွေ၊ ပြည်ပအားကိုးပုဆိန်ရိုးတွေ၊ မိပစ်လို့ ဖရောင်သွေတဲ့ လူစားမျိုးတွေက နိုင်ငံရေးအရေ ခြုံပြီး နိုင်ငံတော်အာဏာကို ခြယ်လှယ်သုံးစွဲခွင့် မရအောင်လည်း ကြိုတင်ကာကွယ် တားဆီးသွားကြရမယ် မဟုတ်လား။**

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ ဒါဆို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေအတွက် အရည်အချင်းသတ်မှတ်ရာမှာလည်း အဲဒီအတိုင်းပဲ ဖြစ်မှာပေါ့။

ဘကြီးစိုး – **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အရည်အချင်းသတ်မှတ်ချက်နဲ့ ထပ်တူနီးပါးလို့ ဆိုရမှာပါပဲ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေဟာ အသက် (၃၀)ပြည့်ပြီးသူများဖြစ်ရမယ်ဆိုတဲ့ အသက် သတ်မှတ်ချက်တစ်ခုပဲ ကွာခြားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ကိုယ်စားလှယ်ဦးရေကိုတော့ (၂၂၄) ဦးပဲ သတ်မှတ်ထားတာမို့ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ လူမှုရေးရာတွေမှာ ဗဟုသုတပိုကြွယ်ဝပြီး အတွေ့အကြုံ ပိုမိုရင့်ကျက်သူအများစုဖြစ်ဖို့ လိုအပ်တာကြောင့် အသက် (၃၀)ပြည့်ပြီးသူ ဖြစ်ရမယ်လို့ သတ်မှတ်ထားတာပါပဲ။**

စိုးမြကျော် – ကောင်းပါပြီဘကြီး။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေအတွက် အရည်အချင်းသတ်မှတ်ချက်ကကော ဘယ်လိုရှိပါသလဲခင်ဗျာ။

ဘကြီးစိုး – အရည်အချင်းသတ်မှတ်ချက်ကို အားလုံး တစ်ပြေးညီပဲ ချမှတ်ထားပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေဟာလည်း အခုရှင်းပြခဲ့တဲ့ အရည်အချင်းတွေ၊ သတ်မှတ်ချက်တွေနဲ့ ပြည့်စုံရမှာပဲဖြစ်တယ်။ အဲဒီလို လွှတ်တော်ကိုယ်စားလှယ်တွေအတွက် အရည်အချင်းသတ်မှတ်ချက်ကို တစ်ပြေးညီ ထားရှိပေးတာကလည်း ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်အောင်လို့ပါပဲ။

ကြီးကြီးမြ – ဟုတ်တယ်မောင်ကျော်ရေ။ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို လွှတ်တော်အသီးသီးအတွက် ဥပဒေနဲ့အညီ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းတွေ တင်သွင်းခွင့်ပြုထားပေးမယ့် အဲဒီအမည်စာရင်းတင်သွင်းသူဟူသမျှဟာ ပြည်သူ့လွှတ်တော်အတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်အရည်အချင်းနဲ့ ကိုက်ညီရမယ်လို့ ပြန်လည်ထိန်းညှိပေးထားတာ တွေ့ရလိမ့်မယ်။ ဒါတွေဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ အာဏာကို ခွဲဝေကျင့်သုံးခြင်းနဲ့ အပြန်အလှန် ထိန်းညှိခြင်းဆိုတဲ့မူကို ကျင့်သုံးထားတာပဲဖြစ်တယ်။**

ဘကြီးစိုး – အလားတူပဲ တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်တွေရဲ့ အရည်အချင်းကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းအတိုင်း သတ်မှတ်ပေးထားတယ်။

စိုးမြကျော် – ရှင်းပါပြီဘကြီး။ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတွေရဲ့ အရည်အချင်းသတ်မှတ်ချက်တွေကို သိရပါပြီ။ အဲဒီလို ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းသတ်မှတ်ချက်တွေ ရှိသလိုပဲ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူတွေအတွက် ကန့်သတ်ထားတဲ့ အချက်တွေလဲ ရှိမယ်ထင်တယ်။ ဒါကြောင့်မို့ ဘယ်လိုပုဂ္ဂိုလ်တွေကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများဖြစ်တယ်လို့ သတ်မှတ်ထားပါသလဲခင်ဗျာ။

ဘကြီးစိုး – ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူတွေနဲ့ ပတ်သက်ပြီး အချက်(၁၂)ချက်ကို အသေးစိတ်အခြေခံရမယ့် မူတွေအဖြစ် ချမှတ်ပေးထားတယ်။ မြင်သာထင်သာအောင်ပြောရရင် ရာဇဝတ်ပြစ်ဒဏ်ကျခံနေရတဲ့သူတွေ၊ ရွေးကောက်ပွဲပြစ်မှုကျူးလွန်ခဲ့လို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူတွေ၊ လူမွဲအဖြစ် ကြေညာခံထားရသူတွေ၊ စိတ်ပေါ့သွပ်သူတွေ၊ သာသနာ့ဝန်ထမ်းတွေနဲ့ နိုင်ငံတော်ရဲ့ နယ်ဘက်ဝန်ထမ်းတွေဟူသမျှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြဘူးကွယ့်။

ကြီးကြီးမြ – ဒါ့အပြင် ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ ဩဇာခံနိုင်ငံ၊ အရွှေ့အရုံနိုင်ငံမဖြစ်ရေးနဲ့ အင်အားကြီးနိုင်ငံတွေရဲ့ သွယ်ဝိုက်ပြီး ကျွန်ပြုတာကို မခံရရေးအတွက် ကြိုတင်ကာကွယ်တားဆီးတဲ့အနေနဲ့ သတ်မှတ်ထားတဲ့အချက်တွေလည်း ရှိနေသေးတယ်လေ။

ဘကြီးစိုး – **နိုင်ငံခြားအစိုးရရဲ့ ကျေးဇူးခံကျေးဇူးစားတွေ၊ နိုင်ငံခြားအစိုးရရဲ့ လက်အောက်ခံ လက်ဝေခံဖြစ်နေသူတွေ၊ တိုင်းတစ်ပါးရဲ့ နိုင်ငံသားအဖြစ် ခံယူထားသူတွေဟူသမျှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိဘူးလို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။**

စိုးမြကျော် – အဲဒီလိုလူမျိုးတွေသာ နိုင်ငံရဲ့ အရေးပါအရာရောက်တဲ့ ရာထူးဌာနန္တရတွေ ရရှိသွားရင် သူခိုးဓားရိုးကမ်းသလို ဖြစ်သွားမှာပဲနော် ဘကြီး။

ဘကြီးစိုး – မှန်တာပေါ့ကွယ်။ **ဒါကြောင့်မို့ နိုင်ငံခြားအစိုးရရဲ့ လက်အောက်ခံဖြစ်သူတွေ၊ တိုင်းတစ်ပါးရဲ့ နိုင်ငံသားတွေ ခံစားနေရတဲ့အခွင့်အရေးနဲ့ အကျိုးကျေးဇူးတွေကို ခံစားနိုင်ခွင့်ရှိသူအားလုံး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိဘူးလို့ သတ်မှတ်ထားတာဖြစ်တယ်ကွယ့်။**

ကြီးကြီးမြ – ဒါ့အပြင် ပိုပြီးသေချာတိကျအောင် နိုင်ငံခြားတိုင်းပြည်တစ်ခုခုရဲ့ အစိုးရ၊ ဒါမှမဟုတ် ဘာသာရေးအဖွဲ့အစည်း၊ ဒါမှမဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုဆီကနေ တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်သောနည်းနဲ့ဖြစ်ဖြစ် အထောက်အပံ့ရယူသုံးစွဲနေသူတွေလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံခွင့်မရှိဘူးလို့ ကန့်သတ်တားဆီး ပေးထားတယ်ကွယ့်။

ဘကြီးစိုး – အလားတူပဲ ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေးလုပ်စားနေသူတွေလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိဘူးလေ။

စိုးမြကျော် – ဘကြီး အခုရှင်းပြခဲ့တဲ့အချက်တွေနဲ့ ငြိစွန်းသူမှန်သမျှဟာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာမကဘဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိဘူးလို့ ထင်ပါတယ်။

ဘကြီးစိုး – မောင်ကျော်ထင်တဲ့အတိုင်း မှန်ပါတယ်။ ဒါ့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော်အဆင့်ဆင့်အတွက် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားတွေလည်း အဲဒီအချက်တွေနဲ့ ငြိစွန်းမှုမရှိရဘူးကွယ့်။

စိုးမြကျော် – ဒါ့ထက် ဘကြီး၊ အရင်အပတ်တွေက ဆွေးနွေးခဲ့တဲ့အထဲမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသမရသေးတဲ့ တိုင်းရင်းသားဖြစ်ပြီး အဲဒီမှာနေတဲ့ လူဦးရေကလည်း (၁၀၀၀၀)ကျော်ရင် အဲဒီတိုင်းရင်းသားများအတွက် ကိုယ်စားလှယ်တစ်ယောက်စီ ရနိုင်ခွင့်ရှိတယ်၊ ဒီနည်းနဲ့ရွေးချယ်လို့ ဦးစီးအဖွဲ့ဝင် (၁၀)ဦး မပြည့်သေးရင် အဲဒီမှာနေထိုင်တဲ့ တိုင်းရင်းသားတွေထဲက မည်သူ့ကိုမဆို ရွေးချယ် ခန့်ထားနိုင်တယ်လို့ ဆွေးနွေးခဲ့တယ်နော်ဘကြီး။ အဲဒီကိုယ်စားလှယ်တွေမှာကော ဘယ်လို အရည်အချင်းတွေနဲ့ ညီရမလဲဘကြီး။

ဘကြီးစိုး – အဲဒီကိုယ်စားလှယ်များဟာလည်း လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည့်စုံရမယ့် အရည်အချင်းတွေနဲ့ ပြည့်စုံရမှာဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူတွေနဲ့ ပတ်သက်တဲ့ အချက်(၁၂)ချက်နဲ့လည်း ကင်းလွတ်ရမှာဖြစ်တယ်ကွယ့်။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှု အသွင်သဏ္ဌာန်အရ ဥပဒေပြုအဖွဲ့အသီးသီးမှာ ပါဝင်ဖွဲ့စည်းရမယ့်ပုဂ္ဂိုလ်တွေအဖြစ် အမျိုးသားရေးကို အမြဲရှေးရှုသယ်ပိုးမယ့် ပုဂ္ဂိုလ်တွေကိုသာ ရွေးကောက်တင်မြှောက်သွားမှာဖြစ်သလို အနှစ်သာရအနေနဲ့လည်း နိုင်ငံတော်အတွက် အဓိပ္ပာယ်ပြည့်ပြည့်ဝဝ ရှိနေတာကို သိလိုက်ရပါပြီ။ နောက်တစ်ပတ်ကျရင် ကျန်ရှိနေတဲ့အပိုင်းကို ဆက်ပြီးဆွေးနွေးပေးပါဦးလို့ ကြိုတင်ပန်ကြားထားပါရစေခင်ဗျာ။

ဘကြီးစိုး – ရပါတယ်ကွယ်။ ဘကြီး အချိန်ရသမျှ ကြိုတင်ပြင်ဆင်လာခဲ့ပါမယ်။ ။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရဲ့အသက်ကို အနည်းဆုံး(၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမယ်လို့ သတ်မှတ်ထားတာမို့ အသက်(၂၅)နှစ်ပြည့်ပြီးသူ၊ အရည်အချင်းရှိတဲ့လူငယ်တွေ ပြည်သူ့လွှတ်တော်မှာ ပါဝင်လာနိုင်ကြမှာ ဖြစ်တယ်။ ထို့အတူပဲ အသက်(၄၀)တစ်ဝိုက် လူလတ်ပိုင်းတွေလည်း ပါဝင်လာ ကြလိမ့်မယ်။ အလားတူပဲ အသက် (၅၀)ကျော် (၆၀)အရွယ် လူကြီးပိုင်း တွေလည်း ပါဝင်လာဦးမှာပဲဖြစ်တယ်။

လူကြီးပိုင်းက အတွေ့အကြုံရင့်ကျက်ပြီး အတိတ်ကို သိမီခဲ့ကြတယ်။ လူလတ်ပိုင်းက နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍကနေ ထမ်းဆောင်ရင်း ပစ္စုပ္ပန်ကိုဖြတ်သန်း နေကြတယ်။ အရည်အချင်းရှိတဲ့လူငယ်တွေကတော့ အဲဒီလူကြီးပိုင်းနဲ့ လူလတ် ပိုင်းတွေရဲ့ အတွေ့အကြုံတွေကို ဆင့်ပွားခံယူရင်း အတွေ့အကြုံ အကြားအမြင် ဗဟုသုတတွေ လေ့လာဆည်းပူးရင်း အနာဂတ်နိုင်ငံတော်အတွက် ဉာဏ်သစ်ဆင် အားသစ်လောင်းနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်မှာ ချိတ်ဆက်ပေးထားတာပဲ ဖြစ်တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို နိုင်ငံအဝန်းက လူထုကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးနေခြင်းဖြစ်၍ မှန်ကန်စစ်မှန်သည့် အမျိုးသားညီလာခံကြီးဖြစ်

စာမျက်နှာ ၇ မှ

– တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့်တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။
– တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက် ပိုင်ခွင့်ရှိသည်။
– တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်။
– တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူ တစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။
– ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။
– တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်

ဟု ဖော်ပြထားကြောင်း။

ကြီးမားကျယ်ဝန်း နက်ရှိုင်းသိမ်မွေ့

နိုင်ငံတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကြီးမားကျယ်ဝန်း နက်ရှိုင်းသိမ်မွေ့သည့် အမျိုးသားနိုင်ငံရေးတာဝန်ကြီးကို မတိမ်းမစောင်းရလေအောင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနည်းတူ အသက်ပေးတာဝန်ကျေပွန်သည့် တပ်မတော်ကိုယ်စားလှယ်များသည်လည်း တာဝန်ရှိကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူတို့ ဒုက္ခအခက်အခဲကြုံတွေ့တိုင်း ၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ အသက်အိုးအိမ်ကို တာဝန်သိသိသစ္စာရှိရှိ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ပြည်ထောင်စုကြီးပြိုကွဲမည့်အရေး အခြေအနေဆိုးမှ** ကာကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤသမိုင်းသင်ခန်းစာကိုရယူပြီး အနာဂတ်နိုင်ငံတော်လျှောက်လှမ်းရသည့် ခရီးလမ်းတွင် တပ်မတော်သည် အမိနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို ပါဝင်ကူညီ ဆောင်ရွက်နိုင်ရန်အတွက် **"နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး"** ဆိုသည့်အချက်ကို ချမှတ်ရခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးအတွက် အခြေခံမူ (၁၀၄)ချမှတ်ခဲ့ကြောင်း၊ နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူက **"နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြု"**ဟု ဖော်ပြထားကြောင်း၊ နိုင်ငံတော်၏လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒအတိုင်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသအတွင်း လုံခြုံရေးကိုအာမခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို အခြေခံပြီး နိုင်ငံတော်အကျိုး ရှေးရှုချမှတ်ထားခြင်းဖြစ်ပါကြောင်း။

စိုက်ပျိုးရေး

စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အခြေခံမူမှာ **"နိုင်ငံတော်သည် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်"** ဟု ချမှတ်ထားကြောင်း။

စက်မှုလက်မှုနှင့် စပ်လျဉ်းသည့် အခြေခံမူမှာ **"နိုင်ငံတော်သည်စက်မှုလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေးတွက်လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည် တို့ကိုအတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည်"** ဟု ချမှတ်ထားပါကြောင်း။

အလုပ်အကိုင်နှင့်စပ်လျဉ်းသည့်အခြေခံမူမှာ **"နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်မည်"**ဟု ချမှတ်ထားကြောင်း။

စုစည်းညီညွတ်သည့်စွမ်းအား

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန် တိုင်းရင်းသားပြည်သူကိုယ်စားလှယ် စုံစုံညီညီ ဆွေးနွေးညှိနှိုင်းနေသည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပရေး အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ စုစည်းညီညွတ်သည့် စွမ်းအား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါဟု တိုက်တွန်းရင်း ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူ တင်သွင်းသွားသည့် အမျိုးသားညီလာခံကြိုဆို ထောက်ခံကြောင်းအဆိုကို ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေး သွားသည်။

အမျိုးသားရေးတာဝန်

ယင်းနောက် ကချင်အထူးဒေသ(၁)မှ ဗဟိုကော်မတီဝင် ဦးလန်ကျော ဆောင်တိန့်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံတော်ကြီးကို တိုင်းရင်းသား လူမျိုးစုများ ပေါင်းစည်းယှက်နွှယ်မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ် လေးများသဖွယ်ဖြစ်သည့် ပြည်နယ်နှင့်တိုင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အစဉ်အဆက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမ သွေးချင်းသားရင်းများ အချင်းချင်း တစ်စိတ်တည်း တစ်ဝမ်းတည်း အေးအတူပူအမျှ ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း။

နိုင်ငံတော်ကလည်း တိုင်းရင်းသားလူမျိုးများအားလုံးအပေါ်တွင် မိဘက သားသမီးအပေါ်ထားသည့် ဖြူစင်သည့်မေတ္တာ၊ မှန်ကန်သည့်စေတနာ၊ ရိုးသားသည့် သဘောထားရှိပြီး အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့သည် နိုင်ငံတော်နှင့် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကြောင့် စည်းလုံးညီညွတ်ရေးကိုရယူပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းတည်ငြိမ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး ဒေသအကျိုးကို သယ်ပိုးနေကြောင်း။

ကချင်ပြည်နယ်မှ ဒုတိယပြည်နယ်ဥပဒေ အရာရှိ ဒေါ်မေရီမေနန် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်တိုးပွားခိုင်မာလာ

အေးချမ်းတည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာ၍ ဒေသခံတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများခံစားနေရပြီဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများကြား ညီညွတ်မှုတမှုအခြေခံကောင်းများ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များလည်း ပိုမို တိုးပွားခိုင်မာလာကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံကြီးတည်ဆောက်ရန် နိုင်ငံရေး အကူးအပြောင်းအဖြစ် အမျိုးသားညီလာခံကြီးကျင်းပနေကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များ ပြောင်းလဲကျင့်သုံးမည်ဖြစ်၍ နိုင်ငံတော်၏ ပကတိအခြေအနေနှင့်ကိုက်ညီပြီး နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို အကောင်းဆုံးဖော်ဆောင်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲနေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနာဂတ်နိုင်ငံတော်အတွက် အရေးကြီးလှကြောင်း။

အမျိုးသားညီလာခံက တိုင်းရင်းသားအကျိုးစီးပွားကို ပြည့်ပြည့်စုံစုံ ထည့်သွင်း ရေးဆွဲထားသည်ကိုတွေ့ရကြောင်း၊ တိုင်းရင်းသားများအရေးနှင့် ပတ်သက်ပြီး–

– နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။
– နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။
– နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး

စသည်တို့ ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်လို့ ထည့်သွင်းထားကြောင်း။

၎င်းသည် တိုင်းရင်းသားများအကျိုးကိုဖော်ဆောင်ခြင်းဖြစ်ကြောင်း။

မိမိတို့ကချင်ပြည်နယ်က အမျိုးသားညီလာခံကို တက်ရောက်သည့် အမျိုးသားညီလာခံ၌ ပါဝင်တက်ရောက်ပြီး ကချင်ပြည်နယ် လူထုကိုယ်စားပြု ဆွေးနွေးနေကြခြင်းဖြစ်ကြောင်း။

မှန်ကန်စစ်မှန်သည့် အမျိုးသားညီလာခံကြီး

တိုင်းရင်းသား ကိုယ်စားလှယ်များမှာလည်း ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့နယ် ခြောက်ဦး၊ ဝိုင်းမော်မြို့နယ်လေးဦး၊ တနိုင်းမြို့နယ်နှစ်ဦး၊ ချီးဖွေမြို့နယ်နှစ်ဦး၊ ဆော့လော်မြို့နယ်တစ်ဦး၊ အင်ဂျန်းယန်မြို့နယ်နှစ်ဦး၊ မိုးကောင်းမြို့နယ်သုံးဦး၊ မိုးညှင်းမြို့နယ်လေးဦး၊ ဖားကန့်မြို့နယ်နှစ်ဦး၊ ဗန်းမော်မြို့နယ်သုံးဦး၊ မိုးမောက်နှစ်ဦး၊ မံစီမြို့နယ်နှစ်ဦး၊ ရွှေကူမြို့နယ်တစ်ဦး၊ ပူတာအိုမြို့နယ်ငါးဦး၊ မချမ်းဘောမြို့နယ်နှစ်ဦး၊ နောင်မွန်းမြို့နယ်တစ်ဦး၊ ခေါင်လန်ဖူးမြို့နယ်နှစ်ဦး၊ ဆွမ်ပရာဘွမ်မြို့နယ်တစ်ဦး၊ နန်းယွန်းမြို့နယ်တစ်ဦး၊ ကချင်အထူးဒေသ(၁)မှ ငါးဦးနှင့် ကချင်အထူးဒေသ(၂)မှ ငါးဦးဖြစ်ပြီး မြို့နယ်တိုင်းက တစ်ဦး၊ နှစ်ဦးစီပါဝင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို နိုင်ငံအဝန်းက လူထုကိုယ်စားပြုကိုယ်စားလှယ်များ၊ ပြည်နယ်က လူထုကိုယ်စားပြုကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးနေခြင်းဖြစ်၍ မှန်ကန် စစ်မှန်သည့် အမျိုးသားညီလာခံကြီးဖြစ်ကြောင်း။

ယနေ့ ပြည်ထောင်စုကြီးအတွင်း ရရှိဖြစ်ထွန်းနေသည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများ ဆက်လက် တိုးပွားခိုင်ခံ့ပြီး ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေး စိတ်ဓာတ်အရင်းခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ညှိနှိုင်းတိုင်ပင်နေသော အမျိုးသား ညီလာခံကြီးကို ကြိုဆိုထောက်ခံအားပေးကြောင်းဖြင့် ထောက်ခံဆွေးနွေး သွားသည်။

ဆက်လက်၍ ကချင်အထူးဒေသ(၂)မှ ဗဟိုကော်မတီဝင်ဦးခွန်နောင်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်၏သမိုင်းစဉ်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြစ်စဉ်များနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု ကျစ်လျစ်ခိုင်မြဲသည့်ကာလများတွင် နိုင်ငံတော်၏ အင်အား တောင့်တင်းခိုင်မာပြီး ခမ်းနားထင်ရှား ဂုဏ်ရှိန်မြင့်မားခဲ့ရသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလများတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးအခြေအနေများ နိမ့်ပါးခဲ့ရပြီးကျူးကျော်မှုခံခဲ့ရကာ အချုပ်အခြာအာဏာကို ဆုံးရှုံးခဲ့ရသည်ကို သမိုင်းတွင်အထင်အရှားတွေ့ရမည် ဖြစ်ကြောင်း။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်

အတိတ်သမိုင်းသင်ခန်းစာများကြောင့် နိုင်ငံတော်ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအခြေအနေအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကား ပြန့်ပွားရေးတို့ကို အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒို့တာဝန်အရေးသုံးပါး၏ အခြေခံသည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ကသာ တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားအဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် သဘောထား၊ တိုင်းရင်းသားများအပေါ်ထားရှိသည့် ဖြူစင်သည့် စေတနာ၊ ပီပြင်သည့်လုပ်ရပ်ကြောင့် ကြည်လင်သည့်အမြင်၊ ရိုးဖြောင့်သည့် ဦးတည်ချက်များကြောင့် ငြိမ်းချမ်းရေးကိုရယူခဲ့ကြပြီး ပြည်သူ့အကျိုး၊ ဒေသ ဖွံ့ဖြိုးရေးကို အစိုးရ၊ ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ယနေ့အချိန်တွင် မိမိတို့ ကချင်ပြည်နယ်အတွင်း သမိုင်းကြောင်း တစ်လျှောက် တစ်ကြိမ်တစ်ခါမျှ မရဖူးသေးသည့် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်းများ ရရှိခံစားပြီး ဒေသခံ တိုင်းရင်းသားပြည်သူများ လုပ်ငန်းခွင်၌ လုံခြုံစွာ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်အတွင်းဖြစ်ပေါ်တိုးတက်မှုများကိုလည်း ကျေနပ်မှုအပြည့်အဝဖြင့် ကြည်နူးကျေနပ်နေကြရခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ

တပ်မတော်အစိုးရလက်ထက်တွင် မိမိတို့ ကချင်အထူးဒေသ(၂)အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများမှာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရေး အတွက် မြေသားလမ်း ၂၄၈ မိုင်၊ ကျောက်ခင်းလမ်း ၁၂၁ မိုင်၊ ကတ္တရာလမ်း နှစ်မိုင်၊ တံတားကြီး နှစ်စင်း၊ တံတားငယ် ၁၉၁ စင်း၊ ကြိုးတံတား ရှစ်စင်း တည်ဆောက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမြင့်မားရေးအတွက် ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်း ၁၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၃ ခုနှင့် ပညာရေးမြင့်မားတိုးတက်ရန် မူလတန်းကျောင်း ၁၃၁ ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ လယ်ယာစိုက်ပျိုးကဏ္ဍတွင် စိုက်ပျိုးရေးစခန်း လေးခု၊ ဆည်နှစ်ခု၊ မွေးမြူရေးခြံတစ်ခြံ၊ တိမွေးကုရုံး နှစ်ရုံး၊ လျှပ်စစ်မီးစက် ၁၆ ခု ရှိပြီး မီးပေးနိုင်သောမြို့ ၁၂ မြို့၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ကိုးရုံ၊ စာတိုက်တစ်ခု၊ ကြေးနန်းရုံး သုံးရုံး၊ တယ်လီဖုန်းလုပ်ငန်း နှစ်ခု၊ ဘာသာရေးတွင် စေတီနှစ်ဆူ၊ စာသင်တိုက်တစ်တိုက်၊ တည်ဆောက်ပြီး သာသနိက အဆောက်အအုံ တစ်ခုကို မွမ်းမံပေးခဲ့ကြောင်း၊ ငြိမ်းချမ်းမှုတည်ငြိမ်အေးချမ်းမှုများကြောင့် ရရှိလာသည့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် ကဏ္ဍအသီးသီးတွင် တည်ဆောက်အကောင်အထည်ဖော်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် လူထုကိုယ်စားလှယ်စုံစုံညီညီနှင့် အမျိုးသားညီလာခံ ကြီးကို ကျင်းပနေကြောင်း။

မိမိတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ နိုင်ငံခြားမှ ဝင်ရောက်နေထိုင်ကြသည့် နိုင်ငံရပ်ခြားမှ နိုင်ငံခြားသားများမဟုတ်ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံသားများဖြစ်ကြသည့်အတွက် ပြည်ထောင်စု၏ ကောင်းရာကောင်းကြောင်း ရှေ့ရေးကံကြမ္မာအကျိုးကျေးဇူးကိုဆောင်ရွက်နေသည့် အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ရမည့်ဝတ္တရားရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပနေသည့်အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်ငါးဦးစေလွှတ်ပြီး ပါဝင်တက်ရောက်လျက်ရှိကြောင်း။

မိမိတို့ ကချင်အထူးဒေသ(၂)အဖွဲ့သည် ယခုကျင်းပနေသည့်အမျိုးသား ညီလာခံကို ပြီးစီးအောင်မြင်စေလိုသည့်ဆန္ဒအပြည့်အဝရှိကြောင်း၊ ပြည်ပနိုင်ငံများမှ ဖျက်ဆီးနှောင့်ယှက်မှုမျိုးစုံရှိသကဲ့သို့ ပြည်တွင်း၌လည်း မိမိတို့ တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းရေးနှင့်အရေးကြီးလှသည့်အမျိုးသားညီလာခံ ကိုလည်း တန်ဖိုးမထားပျက်ပြားအောင် ကြံရွယ်မှုများကို လက်ခံမည် မဟုတ်ကြောင်း၊ အကောင်းကိုအဆိုးနှင့် ဘယ်တော့မှလဲမည်မဟုတ်ဟု အခိုင်အမာခံယူထားပြီး နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး အမျိုးသားညီလာခံကြီး အောင်မြင်ပြီးဆုံးသည်အထိ ပါဝင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကဏ္ဍခုနှစ်ခုတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ကြောင်း။

ဆွေးနွေးညှိနှိုင်း

၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသား ညီလာခံတွင် အဓိကအားဖြင့် ကဏ္ဍကြီး ၁၁ ရပ်နှင့် အခြားကိစ္စငါးရပ်တွင် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများရရှိအောင် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပခဲ့သော ညီလာခံ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့မှ အသေးစိတ်အခြေခံရမည့်မူများ အတည်ပြုနိုင်ခဲ့ကြောင်း၊ ယခု ကျင်းပနေသော အမျိုးသားညီလာခံ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ **စာမျက်နှာ ၁၁ ကော်လံ ၁**

စာမျက်နှာ ၁၀ မှ

အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ် အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်းအတည်ပြုနိုင်ခဲ့ပြီး အသေးစိတ်အခြေခံရမည့်မူများဖြစ်သည့်–

- လွှတ်တော်အချင်းချင်းလုပ်ငန်းဆက်သွယ်မှု၊
- ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအဖွဲ့အစည်း အချင်းချင်း လုပ်ငန်းဆက်သွယ်မှု၊
- ပြည်ထောင်စုအစိုးရ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊
- တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

တို့ကို ဆွေးနွေးတိုင်ပင်နေကြကြောင်း။

လုပ်ငန်းပမာဏ

အမျိုးသားညီလာခံ၌ ယခုအခါ တိုးတက်အောင်မြင်မှုရရှိနေကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် လုပ်ငန်းပမာဏ ၇၀ရာခိုင်နှုန်းခန့် ဒေသစုံ၊ တိုင်းရင်းသားစုံ၊ လူထုလူတန်းစားစုံ၊ အလွှာစုံကိုယ်စားလှယ်များ တက်ရောက်ပြီး လိုအပ်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို ညှိနှိုင်းဆွေးနွေးချမှတ်နေကြောင်း။

စွမ်းဆောင်ကြိုးပမ်း

အမျိုးသားညီလာခံကြီးသည် လွတ်လပ်မှုရှိပြီး ကိုယ်စားလှယ်များဆန္ဒရှိသမျှ အကြံပြုချက်စာတမ်းများ ရေးသားခွင့်ရှိကြောင်း၊ လွတ်လပ်စွာ အကြံပြုဆွေးနွေးခွင့်ရှိကြောင်း၊ ငြိမ်းချမ်းရေးရယူထားသည့် ၁၇ဖွဲ့ပင်လျှင် နိုင်ငံတော်အနာဂတ်ရေးအတွက် လွတ်လွတ်လပ်လပ် ပွင့်လင်းစွာ အကြံပြုဆွေးနွေးလျက်ရှိကြောင်း၊ တိုင်းရင်းသားကိုယ်စားလှယ် အလွှာပေါင်းစုံမှပါဝင်သည့် ညီလာခံကြီးသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လျော်ကန်သင့်မြတ်ခိုင်မာသည့် အခြေခံဥပဒေပေါ်ထွန်းရေးကို စွမ်းဆောင်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အချက်တို့သည် အနာဂတ်နိုင်ငံတော်ကြီး

အမျိုးသားညီလာခံ

- **အ**ရေးသုံးပါး အလေးထား ဒို့များဦးတည်ချက်။
- **မျိုး**ချစ်စိတ်ဓာတ် လွန်မြင့်မြတ် စွဲမှတ်ကျင့်သုံးလျက်။
- **သား**စဉ်မြေးဆက် မပျက်ကွက် ဆက်လက်ထိန်းသိမ်းလျက်။
- **ညီ**ညွတ်ပေါင်းစု ဥပဒေပြု အလေးဂရုထားဆောင်ရွက်။
- **လာ**ကြပေါင်းသင်း ညီနောင်ရင်း လက်ချင်းတူတွဲယှက်။
- **ခံ**ယူချက်မှန် တိုင်းပြည်ရန် တွန်းလှန်ပြည်ကျိုးတွက်။
- **“အမျိုးသားညီလာခံ”**အောင်မြင်ရန် အားမာန်ပြည့်ဆောင်ရွက်။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

ကျင်းပဆဲ အမျိုးသားညီလာခံကြီးအား ဂုဏ်ပြုလျက်–

တစ်ခဲနက် ကြွေးကြော်

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

ပြီးစီးနေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှသာ ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကြီးမရှိမဖြစ်လိုအပ်သည့်အတွက် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို ထောက်ခံတင်ပြလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် ပြည်နယ်ဥပဒေရုံးမှ ဒုတိယပြည်နယ်ဥပဒေအရာရှိ ဒေါ်မေရီမေနန်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင်မိမိတို့ နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း၊ ၁၉ ရာစုတွင် နယ်ချဲ့ကျူးကျော်စစ်သုံးကြိမ်နှင့် အချုပ်အခြာအာဏာလက်လွတ်ဆုံးရှုံးခဲ့ရကြောင်း၊ ကိုလိုနီဘဝတွင် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးအစစ နိမ့်ပါးခဲ့ရပြီး နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးခဲ့ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်စွာ နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ကြောင်း။

အတည်ပြုပြဋ္ဌာန်း

လွတ်လပ်ရေးပြန်လည်ရရှိပြီးနောက်ပိုင်း နိုင်ငံတော်၌ ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခုကို တင်ပြလိုကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ကိုလိုနီလက်အောက်၌ ရေးဆွဲခဲ့ပြီး လွတ်လပ်ရေးကို အမြန်ဆုံး ရယူလိုသည့်အတွက် ၁၁၁ဦးသောပုဂ္ဂိုလ်များ သုံးလနှင့် ၁၈ရက်အတွင်း အပြီးရေးဆွဲခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ ပြည်နယ်များခွဲထွက်ပိုင်ခွင့်ကို ပြဋ္ဌာန်းပေးခဲ့၍ ပြည်ထောင်စုကြီးပြိုကွဲမည့် အလားအလာများပေါ်ပေါက်လာခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အတူ ပါလီမန်ဒီမိုကရေစီခေတ်သည် ၁၄နှစ်သက်တမ်းအကြာတွင် အဆုံးသတ်ခဲ့ကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အားနည်းချက်များကြောင့် နိုင်ငံစီးပွားရေးကျဆင်းပြီး ၁၄နှစ်အကြာတွင် ပျောက်ကွယ်ချုပ်ငြိမ်းခဲ့ကြောင်း။

ယခုရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ကိုက်ညီပြီး အမှီအခိုကင်း၊ လောင်းရိပ်ရှင်းပြီး ပြည်သူများကသာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်မည်ဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်တွင် ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို အတတ်နိုင်ဆုံး၊ အပြည့်စုံဆုံး၊ ဒီမိုကရေစီအကျဆုံးဖြစ်အောင် ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုအတွက်ပြည့်စုံစွာ စဉ်းစားညှိနှိုင်းရေးဆွဲထားဖြစ်၍ အနာဂတ်နိုင်ငံတော်ကြီးအတွက် ဝမ်းသာအားရမိကြောင်း။

အနာဂတ်ကိုပုံဖော်ပေး

အမျိုးသားညီလာခံကြီးသည် ပြည်သူ့ကိုယ်စားလှယ်များ နိုးကြားတက်ကြွစွာဆောင်ရွက်နေကြ၍ တိုးတက်အောင်မြင်မှုများရရှိနေကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှသာ ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကြီး မရှိမဖြစ်လိုအပ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကိုပုံဖော်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ မန်စီမြို့နယ်မှ ရပ်မိရပ်ဖ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးထွန်းထွန်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကိုထောက်ခံဆွေးနွေးတင်ပြရာတွင် ကချင်ပြည်နယ်၏ စိုက်ပျိုးမြေဧရိယာသည် ယခင်က လေးသိန်းလေးသောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ ဧကခြောက်သိန်းအထိ တိုးမြှင့်လာခဲ့ကြောင်း၊ ထို့ကြောင့် ဝမ်းစာစပါးသာမက စားသုံးဆီပါဖူလုံပိုလျှံသည့် ပြည်နယ်ဖြစ်နေပြီဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် အသားငါးထုတ်လုပ်မှုသည် ယခင်ကထက် သုံးဆတိုးတက်ထုတ်လုပ်လာနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်၌ အင်မတန်အမျိုးအစားကောင်းသည့် ကမ္ဘာကျော်ကျောက်စိမ်းထွက်ရှိသည့် ကျောက်စိမ်းရတနာမြေရှိပြီး ကြေးနီ၊ ရွှေ၊ ကျောက်မီးသွေး၊ ပတ္တမြားများလည်းထွက်ရှိကြောင်း၊ ကျောက်စိမ်းထွက်ရှိမှုမှာလည်း ယခင်ကထက် ကီလို ထောင်ပေါင်းများစွာ တူးဖော်ထွက်ရှိ၍ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် နိုင်ငံခြားငွေ များစွာရရှိစေကြောင်း။

ပညာတတ်များ မွေးထုတ်ပေး

ဂလိုင်ချောင်၊ ကျိန်ခရန်ခ၊ နန်းခမ်းခ အလတ်စားရေအားလျှပ်စစ်စက်ရုံသုံးရုံကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မလိချောင်း၊ဒဘတ်ချောင်းအကြီးစားရေအားလျှပ်စစ်စီမံကိန်းကြီးနှစ်ခုကိုလည်း ထပ်မံတည်ဆောက်လျက်ရှိကြောင်း၊ အခြေခံကျောင်းပေါင်း ၁၃၇ကျောင်း တိုးပွားလာခဲ့ပြီး ဆရာ ဆရာမအင်အား နှစ်ဆတိုးပွားလာခဲ့ကြောင်း၊ ကချင်ပြည်နယ်အတွင်း၌ ကျောင်းသားပေါင်း နှစ်သိန်းရှစ်သောင်းကျော် ပညာဆည်းပူးလျက်ရှိကြောင်း၊ ယခင်က ဒီဂရီကောလိပ်တစ်ခုတည်းရှိခဲ့ရာမှ ယခု တက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ စက်မှုလက်မှုသိပ္ပံနှင့် နည်းပညာကောလိပ်နှစ်ခုကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဒေသအတွင်း၌ အနာဂတ်အတွက် ပညာတတ်များစွာကို မွေးထုတ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခင်က ရွှေဘို–မြစ်ကြီးနားကားလမ်းသည် ဒေသအတွင်း မငြိမ်သက်မှုကြောင့် ပြုပြင်နိုင်မှုမရှိခဲ့၍ အမည်ခံသာရှိပြီး သွားလာရန်ခက်ခဲသော လမ်းကြောင်းဖြစ်ခဲ့ကြောင်း၊ ယခုဆိုလျှင် အရှည်မိုင် ၃၅၀ ရှိသည့် မန္တလေး–ရွှေဘို–မြစ်ကြီးနား လမ်းအပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် အရှည် ၄၁၇ မိုင်ရှည်သည့် မန္တလေး–ရွှေကူ–ဗန်းမော်–မြစ်ကြီးနား လမ်းကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ပြီး လုံခြုံအေးချမ်းစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည့် အရှည်၂၆၈၈ပေရှိသည့် ဗလမင်းထင် တံတားအပါအဝင် ပြည်နယ် အတွင်း ပေ ၁၈၀အထက် တံတား ၁၅စင်း၊ ပေ ၁၈၀ အောက်တံတား ၂၂၆စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ဆေးရုံ ၃၅ရုံသာရှိခဲ့ရာမှ ၄၄ရုံရှိလာပြီ ဖြစ်ကြောင်း၊ တိုင်းရင်းဆေးရုံတစ်ရုံနှင့် ဆေးပေးခန်း ငါးခုကိုလည်း တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခင်က ဖွံ့ဖြိုးမှုနောက်ကျခဲ့၍ တိုင်းရင်းသားလူမျိုးများသည် ရေခြားမြေခြားပြီး စိတ်များကွာခြားနေခဲ့ကြကြောင်း၊ဒေသစွဲ၊ ဝါဒစွဲ၊လူမျိုးစွဲများဖြင့် သူစိမ်းများကဲ့သို့ဖြစ်နေခဲ့ကြကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များခံစားလာရပြီး ကူးလူးယှက်သွယ်လွယ်လင့်တကူသွားလာနိုင်၍ အနေနီးကာ စိတ်များမခြားတော့ဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာလာနေပြီဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးအတွက် အမျိုးသားညီလာခံက ညှိနှိုင်းဆွေးနွေးပြီး အတည်ပြုချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူ(၁၀၄)ချက်၌ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံမူများ ချမှတ်ထားကြောင်း–

- နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။
- တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်။
- နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။
- နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကျိုးကို ကူညီဆောင်ရွက်မည်ဆိုသည့် အချက်များသည် နိုင်ငံတော်က အဓိကစွမ်းအားစုကြီးများဖြစ်သည့် တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုစောင့်ရှောက်ခြင်းဖြစ်ကြောင်း။ ***စာမျက်နှာ ၁၂ ကော်လံ ၁***

အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ အကြိုတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၈

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာလမ်းမိသားစု၏ တတိယအကြိမ်မြောက်“သောဘိတ” မြတ်စွာဘုရားပူဇော်ပွဲနှင့် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အကြိုတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၁ရက်၌ ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည် သာသနတက္ကသိုလ ဓမ္မာစရိယ)၊ ၁၂ရက်၌ အရှင်ပညာသီဟာဘိဝံသ(သစအဓမ္မာစရိယ ဝိနိယပါဠိပါရဂူ)၊ ၁၃ရက်၌ အရှင်အာစာရာလင်္ကာရ (နိုင်ငံတော်ဘွဲ့တံဆိပ်ကိုးဘွဲ့ရ)၊ ၁၄ရက်၌ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်-အဂ္ဂမဟာအကျော်တိပိဋက ဓရ ဓမ္မဘဏ္ဍာဂါရိက) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(၁၉၂)**

အမျိုးသားညီလာခံကြိုဆိုထောက်ခံ ကျောင်းကုန်းမြို့အဝင် မင်းလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကန်ကြီးထောင့်မြို့နယ် မြဝတီကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

အမျိုးသားညီလာခံကိုထောက်ခံ ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးသော ကျောင်းကုန်းမြို့အဝင် မင်းလမ်းကတ္တရာခင်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက်နံနက် ၈နာရီက ကျင်းပသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးက လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်စစ်ဆေး ကြည့်ရှုသည်။

အဆင်ပြေချောမွေ့

အဆိုပါလမ်းမှာ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးမှ ကျောင်းကုန်းမြို့သို့ဝင်သော အဓိကလမ်းမကြီးဖြစ်ပြီး ယခင်က ပျက်စီးလျက်ရှိရာမှ ပြည်သူများလွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက ရန်ပုံငွေကျပ် ၁၅၈ဒသမ၅သိန်း အကုန်အကျခံကာ ကတ္တရာထပ်ပိုးလွှာတင်ပေးသော လမ်းဖြစ်ပြီး လမ်းအရှည် ၅၁၂၂ ပေ၊ အကျယ် ၁၂ပေ ရှိသောလမ်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း သိရသည်။

မြဝတီလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ၊ မြဝတီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်၊ ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ဒါးကကျေးရွာ မြဝတီလမ်းသည် ရန်ကုန်-ပုသိမ် လမ်းမကြီးနှင့် ဆက်သွယ်လျက်ရှိပြီး ဒါးကဘူတာမှတစ်ဆင့် ဒါးကဈေးအတွင်း ဖြတ်သန်းသွားသည့်လမ်းနှင့် တစ်ဆက်တည်းဖြစ်၍ အိမ်မဲမြို့နယ်သို့သွားသည့် လမ်းမကြီးနှင့် တစ်ဆက်တည်းဖြစ်ခြင်း၊ သာပေါင်းမြို့နယ်နှင့် ဆက်စပ်လျက် ရှိခြင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုရှစ်အုပ်စုတွင် ပြည်သူများအတွက် အချက်အချာကျသည့် လမ်းဖြစ်ပြီး ယခုကတ္တရာလမ်းသစ်ပြီးစီးသည့်အတွက် ဒါးကကျေးရွာရှိ ပြည်သူလူထုသာမကဘဲ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူလူထုများသည် ဒါးကဘူတာ၊ ဈေးတို့ကို အဆင်ပြေချောမွေ့စွာ သွားလာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၁ မှ

နိုင်ငံတော်၏စီးပွားရေးနှင့်စပ်လျဉ်းပြီး အခြေခံမူခုနစ်ချက် ချမှတ်ထားကြောင်း။

- နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။
- နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။
- နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။
- နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်။
- နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ ရရှိစေရန် ကူညီမည်။
- နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။
- နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု

ဆိုသည့် အချက်များဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ပြီး **“နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်မှုစွမ်းအားကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့လက်ဝယ်တွင်ရှိရေး”**အတွက် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ အခြေခံမူများသည် နိုင်ငံသားတို့၏ အကျိုးစီးပွားကို လက်တွေ့ဖော်ဆောင်မည့် အချက်များဖြစ်ကြောင်း။

နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အလွှာစုံ၊ ကဏ္ဍစုံ တိုင်းရင်းသားကိုယ်စားလှယ် စုံစုံညီညီဖြင့် ဆွေးနွေးညှိနှိုင်းနေသည့် အမျိုးသားညီလာခံအောင်မြင်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံအားပေးနေကြကြောင်း၊ အဆိုရှင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံ၏ အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုသည် နိုင်ငံအကျိုး၊ ပြည်သူအကျိုး ရှေးရှုထားခြင်းဖြစ်၍ လေးလေးနက်နက် လိုက်လိုက်လှဲလှဲ ထောက်ခံလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိက အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုနှင့်စပ်လျဉ်း၍ လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် လူထုပရိသတ်ကြီး၏ ဆန္ဒသဘောထားကို ရယူရာ တစ်ခဲနက် လေးလေးနက်နက် ညီညီညွတ်ညွတ်ထောက်ခံဆန္ဒပြုကြ၍ လူထုအစည်းအဝေးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ပြည်ထောင်စုမပြိုကွဲရေး-ဒို့အရေး-ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး-ဒို့အရေး-ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး-ဒို့အရေး-ဒို့အရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဒို့အရေး-ဒို့အရေး၊ အမျိုးသားညီလာခံအောင်မြင်ရေး-ဒို့အရေး-ဒို့အရေးဟူသည့် ကြွေးကြော်သံများဖြင့် တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လူထုအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

သိန်းသန်း စိန်ရွှေရတနာဆိုင်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

သိန်းသန်း စိန်ရွှေရတနာဆိုင် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက် ၉နာရီက ပန်းဘဲတန်းမြို့နယ် ရွှေ ဘုံသာလမ်း(အလယ်) အမှတ် ၂၆၆ရှိ သိန်းသန်းစိန်ရွှေရတနာဆိုင် သစ်၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMF-CCI) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဇမ္ဗူရတနာ ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမြင့်တို့က ဆိုင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် သိန်းသန်းစိန်ရွှေရတနာဆိုင် ဆိုင်းဘုတ်ကို UMFCCI ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များသည် ဆိုင်အတွင်း ကြည့်ရှုကြသည်။**(ယာပုံ)**

သိန်းသန်းစိန်ရွှေရတနာဆိုင်၌ ရွှေထည်ပေါ်တွင် ဆိုင်အမှတ်တံဆိပ်ရိုက်နှိပ်ထားပြီး အဆိုသရပ်ဆောင် ထွန်းထွန်း(Examplez)ရွှေရည်ပြည့်ဒီဇိုင်းအသစ်ဆွဲကြိုး၊ ဟန်းချိန်း၊ သရုပ်ဆောင် သက်မွန်မြင့် ရွှေရည်ပြည့်ဒီဇိုင်းအသစ် ဆွဲကြိုး၊ ဟန်းချိန်း၊ နားဆွဲများ၊ ရွှေရည်ပြည့်ဒီဇိုင်းအသစ် စိန်ထည်မျိုးစုံ၊ ကျောက်ထည်မျိုးစုံ၊ ရွှေထည်မျိုးစုံ၊ ပစ္စည်းမျိုးစုံတို့ကို ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေအရင်းအနှီး စုဆောင်းလိုသူများ၊ ဝတ်ဆင်လိုသူများအတွက် အထူးလျှော့ဈေးဖြင့် နေ့စဉ်နံနက်၉နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ WTO က ညှိနှိုင်းနေသော အဓိကအချက် ခြောက်ချက်ကြောင့် မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှု ရလဒ်ကောင်းများရရှိနိုင်၊ ပျဉ်းမနားတွင် ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လုပ်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက စိစစ်ဆောင်ရွက်ပေးသွားမည်၊ မြန်မာနိုင်ငံသားများဘဏ်တွင် အများပြည်သူပိုင် အစုရှယ်ယာများ ဝယ်ယူနိုင်ပြီ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဩစတြေးလျ ဝေဟင်ခုန်သမား မလေးရှားတွင် ၁၃၃ ကြိမ်ခုန်ချရင်း နှစ်သစ်ကိုကြိုဆို၊ ကွယ်လွန်သူ ဖရန်ဆွာမီးထရောင်း ပြင်သစ်နိုင်ငံ၏ အကောင်းဆုံးသမ္မတအဖြစ် မော်ကွန်းတင်ခံရ၊ ၂၀၀၆ ခုနှစ်အစတွင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းမည်ဟု ဟောကိန်းထုတ် စသည့် နိုင်ငံတကာသတင်းများ၊ စီးပွားရေးဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media Group ဖုန်း-၅၀၀၇၂၀ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

တမူးမြို့ နန့်ဖာလုံဈေးမီးပေါက်ကွဲမှုဖြစ်ပွား အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရ

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးလိုပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း တမူးမြို့ နန့်ဖာလုံဈေး၌ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် စားသောက်ဆိုင်တန်း အမှတ်(၁) ခေါက်ဆွဲသုပ်ဆိုင်၌ လည်းကောင်း၊ နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ဈေးအပြင်ဘက်ရှိ ရွှေကောင်းလျှံလက်ဖက်ရည်ဆိုင်၌ လည်းကောင်း ပေါက်ကွဲမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ရာ တမူးမြို့မှ ဦးမောင်ထွန်း (၄၂)နှစ်နှင့် ဦးမောင်စိုး(၃၈)နှစ်တို့ ဖုံးစထိမှန် ဒဏ်ရာရရှိသွားကြသည်။

ဆေးဝါးကုသပေး

အဆိုပါဖြစ်စဉ်တွင် ဆိုင်ရှင် ဦးမောင်ထွန်းမှာ ဆိုင်ဖွင့်ရန်ရောက်ရှိစဉ် မီးသွေးမီးဖိုအနီး၌ ကက်ဆက်ဟောင်း အသေးတစ်လုံး တွေ့ရှိ၍ ကောက်ယူရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စိစစ်သိရှိရပြီး ဒဏ်ရာရရှိသူနှစ်ဦးတို့အား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သော ဆေးဝါးကုသပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အသိပေးအကြောင်းကြား

ယင်းကဲ့သို့ မဖြစ်ပွားစေရေးအတွက် ပြည်သူများအနေဖြင့် မိမိနှင့်မသက်ဆိုင်သည့်အသုံးအဆောင်ပစ္စည်းများ၊ မသင်္ကာဖွယ်ရာပစ္စည်းများကို အမှုမဲ့အမှတ်မဲ့ ကောက်ယူခြင်း၊ ဖွင့်ကြည့်ခြင်းများမပြုလုပ်ကြရန်၊ မသင်္ကာဖွယ်ရာများ တွေ့ရှိရပါက နီးစပ်ရာ တာဝန်ရှိသူများထံ ချက်ချင်းအသိပေးအကြောင်းကြား ဆောင်ရွက်ကြရန် ဖြစ်ကြောင်းနှင့် ပြည်သူများ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ဆောင်ရွက်ခဲ့သော သောင်းကျန်းသူအဖျက်သမားများအား နယ်မြေခံ တပ်မတော်စစ်ကြောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ရှာဖွေစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

လူသုံးကုန်ပစ္စည်းစက်ရုံများ တိုးတက်တည်ဆောက်ပေးနိုင်

တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကို စတင်ယူခဲ့ရစဉ် အချိန်ကကြေညာခဲ့သော လက်ငင်းလုပ်ငန်းတာဝန်ကြီး လေးရပ်အနက် တတိယတာဝန် ဖြစ်သည့် ပြည်သူများ၏စီးပွားရေးပြေလည်စေရန်အတွက် ဆောင်ရွက်ရာတွင် ပျက်စီး ယိုယွင်းခဲ့သော စက်ရုံဟောင်းများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ ရေမြေသဘာဝနှင့် ကိုက်ညီသော နယ်မြေဒေသများတွင် စက်ရုံအသစ်များကို တည်ဆောက်ခြင်းတို့ကို စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အလေးထားဖော်ဆောင်

ထို့နောက် တည်ဆောက်ပေးထားသော စက်ရုံများမှကုန်ပစ္စည်းများ လျာထားချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ စက်မှုလုပ်ငန်းအသီးသီးရှိ စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ပြည်ပမှတင်သွင်းရသည့်ကုန်ကြမ်းများကို ပြည်တွင်းကုန်ကြမ်းများဖြင့် အစားထိုးအသုံးပြုနိုင်ရေး၊ ကုန်ပစ္စည်း အရည်အသွေးမြင့်မားလာစေရေးနှင့် ကုန်ပစ္စည်းအမယ်သစ် (အမည်သစ်) များကို သုတေသနပြု တီထွင်ထုတ်လုပ်နိုင်ရေးတို့ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ပေးနိုင်

တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူများ လိုအပ်သည့် လူသုံးကုန်ပစ္စည်းများကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် အထည်အလိပ်စက်ရုံ၊စားသောက်ကုန်၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းစက်ရုံ၊ ကြွေထည် မြေထည် စက်ရုံ၊ စက္ကူနှင့် ဓာတုဗေဒပစ္စည်း စက်ရုံနှင့် စက်ပစ္စည်းစက်ရုံ၊ အလုပ်ရုံများ တိုးတက် တည်ဆောက် ပေးနိုင်မှုတို့ကို ဖော်ပြပါ ဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

ပြည်သူများလိုအပ်သည့် လူသုံးကုန်ပစ္စည်းများကိုဖြည့်ဆည်းပေးနိုင်ရေးအတွက် အထည်အလိပ်စက်ရုံများ တည်ဆောက်ပေးလျက်ရှိရာ မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်၌ ချည်မျှင်နှင့်အထည်စက်ရုံ(ဆားလင်းကြီး)ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တိုးတက်တည်ဆောက်ပေးထားသော လူသုံးကုန်ပစ္စည်းစက်ရုံများ

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	အထည်အလိပ်စက်ရုံ	၁၇	၃၇	၂၀
၂	စားသောက်ကုန်စက်ရုံ	၃၄	၅၂	၁၈
၃	ဆေးဝါးနှင့်အိမ်သုံးပစ္စည်းစက်ရုံ	၁၅	၁၉	၄
၄	ကြွေထည်မြေထည်စက်ရုံ	၁၆	၂၁	၅
၅	စက္ကူနှင့်ဓာတုဗေဒစက်ရုံ	၈	၁၀	၂
၆	အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်ရုံ	၁၂	၂၉	၁၇
၇	စက်ပစ္စည်းစက်ရုံ	၉	၃၄	၂၅

✡ ကျောဖုံးမှ

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ ရောက်ရှိကြရာ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင် တည်ထားကိုးကွယ်သည့် မဟာမြတ်မုနိပုံတော်ပွားရုပ်ပွားတော်၊ ရွှေတိဂုံပုံတော်ပွားစေတီတော်၊ ကျိုက်ထီးဆောင်းပုံတော်ပွားစေတီတော်၊ကျိုက်ထီးရိုးပုံတော်ပွားစေတီတော်၊ ပုဂံရွှေစည်းခုံ ပုံတော်ပွားစေတီတော်နှင့် ဓမ္မရာဇကပုံတော်ပွားစေတီတော်တို့အားပန်းဆက်ကပ်လှူဒါန်းကြကာ ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဇေကမ္ဘာကုမ္ပဏီလီမိတက် Multi Purpose Hall၌အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဇေကမ္ဘာကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသောမင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့် အခြားလုပ်ငန်းများ၊ ရန်ကုန်စက်မှုဇုန်ရှိစက်မှုလုပ်ငန်းများနှင့် ပြည်လမ်းရှိ ပြည်ဥယျာဉ်ကွန်ဒိုမီနီယံတည်ဆောက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်စက်မှုဇုန်ရှိ အေဝမ်းအထည်ချုပ် စက်ရုံ (A-1 Garment Factory)သို့ရောက်ရှိကြရာ အထွေထွေမန်နေဂျာဦးတေဇနှင့်တာဝန်ရှိသူများကကြိုဆိုကြသည်။ ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်ရုံအတွင်း လုပ်သားအင်အား ၁၃၀၀ ကျော်ဖြင့် ပြည်ပသို့တင်ပို့ရသော အထည်ချုပ်လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်စက်မှုဇုန်ရှိ မြန်မာအမျိုးသားပိုင် Myanmar Royal Tea Factory သို့ ရောက်ရှိကြရာ စက်ရုံပိုင်ရှင် ဦးမြသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များအား စက်ရုံပိုင်ရှင် ဦးမြသိန်းက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့လက်ဖက်ရည် အရသာ စစ်စစ် Royal Myanmar Tea Mix ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းများကြိုးပမ်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်ရုံအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် လက်ဖက်ခြောက်မှပျော်လွယ်လက်ဖက်ခြောက်မှုန့်ထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပြည်ဥယျာဉ်ကွန်ဒိုမီနီယံသို့ ရောက်ရှိကြရာ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြည်ဥယျာဉ်ကွန်ဒိုမီနီယံကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး နံနက်ပိုင်းတွင်ပြန်လည်ထွက်ခွာသွားကြသည်။

ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့(တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကျမ်းစာသင်ကျောင်းကုန်းရှိကရင်နှစ်ခြင်းခရစ်ယာန်ဓမ္မတက္ကသိုလ်သို့လည်းကောင်း၊ ညနေပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်ရှိ ဗောန္ဓေလခရစ်ယာန်ဘုရားကျောင်းသို့ လည်းကောင်း သွားရောက်ဝတ်ပြု ဆုတောင်းကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းမြေငလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၈

ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီ ၀၄မိနစ်၅၃စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်မြောက်ယွန်းယွန်း မိုင် ၅၀၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ၊ ဂရိနိုင်ငံတောင်ပိုင်း ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၇အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ တိုင်းထွာရရှိသည်။ (သတင်းစဉ်)

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဘီလီယက်ခုံ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(၄)ရပ်ကွက် ရန်နိုင်လမ်းသွယ်(၇)တွင် ကျူးကျော်အဆောက်အအုံ အခိုင်အမာဆောက်လုပ်ပြီး ဘီလီယက်ခုံများ ဖွင့်ထားပါသည်။

အဆိုပါ ဘီလီယက်ခုံများမှ အော်ဟစ်ခြင်း၊ ကျယ်လောင်စွာ ညာသံပေးခြင်းများကြောင့် ရပ်ကွက်နေသူများမှာ စိတ်အနှောင့်အယှက်ဖြစ်နေရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရန်ကင်းသား**

ပျံ့ကျဈေးသည်များ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

မော်ဘီမြို့ မြို့မစည်ပင် သာယာဈေးကြီးအနီးရှိ သရက်တောလမ်းနှင့် မင်းရဲကျော်စွာလမ်း အဝင်လမ်းဘေးဝဲယာရှိ ပျံ့ကျဈေးတန်းများတွင် ဈေးဆိုင်များ အခိုင်အမာဆောက်လုပ်၍ ရောင်းချလျက်ရှိခြင်း၊ လမ်းများပေါ်တွင် ပိတ်ဆို့၍ ရောင်းချခြင်းတို့ကြောင့် မီးသတ်ကားများ အရေးပေါ်ဝင်ထွက်နိုင်ရန် အခက်အခဲများ နှစ်စဉ်ကြုံတွေ့နေရပါသည်။

သို့ပါ၍ အဆိုပါ လမ်းဘေးပျံ့ကျဈေးဆိုင်များကို သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

(၃)ရပ်ကွက်သား

ကားဘော်ဒီထုသံ နားမခံသာ

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာရှေ့ရှိ (၁၆)ရပ်ကွက် အပိုင်း(၄)မှ ကားဘော်ဒီအလုပ်ရုံ တစ်ရုံသည် သံပြား ဖြတ်ခြင်း၊ သံဂဟေဆော်ခြင်း၊ ကားဆေးမှုတ်ခြင်းလုပ်ငန်းများ နေ့စဉ်ပိတ်ရက်မရှိ ဆူညံစွာ လုပ်ဆောင်နေပါသည်။

အဆိုပါ ကားဘော်ဒီရုံမှ ထွက်ပေါ်လာသော သံဘော်ဒီထုသံများ၊ ဆေးနံ့များနှင့် အခြားအနံ့ဆိုးများကြောင့် အနီးဝန်းကျင်နေပြည်သူများ အနှောင့်အယှက် ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပြည်သာယာလမ်းသားများ

လမ်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

တာမွေမြို့နယ် ကျောက်မြောင်း သတိပဋ္ဌာန်အောက် လမ်းတွင် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း တာမွေ၊ အမှတ် (၁၀) အခြေခံပညာမူလတန်းကျောင်း တာမွေနှင့် ဒဂုံညွှန့်ဈေးတို့ ရှိပါသည်။ ယင်းလမ်းတွင် ပျံ့ကျဈေးသည်များ ဈေးရောင်းချလျက် ရှိနေပါသဖြင့် လမ်းပိတ်ဆို့မှုများဖြစ်နေရာ သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

မန္တလေးတွင် ကင်ဆာရောဂါဝေဒနာရှင်များအတွက် အလှူငွေနှင့် ဆန်အိတ်များလှူဒါန်း

မန္တလေး ဇန်နဝါရီ ၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယကနှင့် အသင်းဝင်များသည် ဇန်နဝါရီ ၁ရက် ညနေ၃နာရီက ပုသိမ်ကြီးမြို့နယ် မန္တလေးရန်ကင်းတောင်သွား လမ်းဘေးတွင် ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း လူနာ(ကင်ဆာ)ဌာနရှိ ကင်ဆာရောဂါဝေဒနာရှင်တို့အတွက် အလှူငွေများ၊ ဆန်အိတ်များနှင့် စားသုံးကုန် ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းနှင့် ချမ်းအေးသာစံမြို့နယ် ၆၃လမ်းနှင့် ၆၄လမ်းအကြား လမ်း၃၀ရှိ လူမှုဝန်ထမ်းဦးစီးဌာန(မန္တလေး)တွင် ရင်သွေးကလေးငယ်များ မွေးကင်းစမှ ၁၈နှစ်ကျော် အမျိုးသမီးကလေးများကို နံနက်စာ၊ ညနေစာ ထမင်းများ သွားရောက်ကျွေးမွေးလှူဒါန်းကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင်များ သည်ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းတွင် အလှူငွေကျပ် ၂၇၀၀၀၊ ဆန်အိတ်များ၊ စားသုံး ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းကြ ရာ အုပ်ချုပ်ရေးမှူးချုပ် ဒေါ်ခင်အေးမြင့် နှင့် ဝန်ထမ်းများက လက်ခံရယူကြ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ဆက်လက်၍ ဦးလှထွန်း မေတ္တာ ရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းတွင် ဆေးဝါးကုသမှု ခံယူနေကြသောသံဃာ တော်ကုသဆောင်၊ အမျိုးသားလူနာ ဆောင်၊ အမျိုးသမီး လူနာဆောင် အတွင်း လှည့်လည် ကြည့်ရှု၍ ကင်ဆာဝေဒနာရှင် လူနာများကို ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားပြီး ကင်ဆာ ရောဂါသံဃာ တော်များနှင့် လူနာများကို တစ်ဦး ချင်း အလှူငွေများ လှူဒါန်းကြသည်။

အဆိုပါ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဌာန (မန္တလေး)တွင် သံဃာ တော်တစ်ပါး၊ အမျိုးသား လူနာ ခြောက်ဦး၊ အမျိုးသမီးလူနာ ၃၃ဦး တို့ကို အခမဲ့ဆေးဝါးကုသလျက်ရှိပြီး မန္တလေးတိုင်းအတွင်းရှိ ဆရာဝန်ကြီး များ၊ ဆရာမများနှင့် အခြားဝန်ထမ်း များ စုစုပေါင်း ၅၀တို့ဖြင့် ဝေဒနာရှင် များကို ပြုစုစောင့်ရှောက်ပေးလျက် ရှိသည်။

ထို့နောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယကနှင့် အသင်းဝင်များသည် ချမ်းအေးသာစံမြို့နယ် လူမှုဝန်ထမ်း ဦးစီးဌာနလက်အောက်ရှိ ကလေးပြုစု ရေးဌာနမှ ရင်သွေးကလေးငယ် ၂၀ (မွေးကင်းစမှ၅နှစ်အထိ)တို့ကို နံနက်စာ ထမင်းတို့ဖြင့်လည်းကောင်း၊ အမျိုး သမီးလေးများ စောင့်ရှောက်ရေး သင် တန်းကျောင်းရှိ အမျိုးသမီးလေးများ (အသက်၅နှစ်မှ ၁၈နှစ်အထိ) ၉၆ဦး တို့ကို လည်း ကောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရှိ အမျိုးသမီး လေးများ(အသက်၁၈နှစ်အထက်) ၈၃ဦး တို့ကို ညနေစာ ထမင်းကျွေးမွေး လှူဒါန်းကြရာ အုပ်ချုပ်ရေးမှူး ဒေါ်ခင် စန်းကြွယ်နှင့်ဒေါ်ခင်နွဲ့တို့က လိုအပ်သည် များ ကူညီဆောင်ရွက်ပေးပြီး ကျွေးမွေး လှူဒါန်းမှုအတွက် ဂုဏ်ပြု မှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းခွဲသည် အဆိုပါဌာန များသို့ အလှူငွေများနှင့် စားသုံးကုန် ပစ္စည်းများ ထောက်ပံ့ခြင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနရှိ အမျိုးသမီးလေးတို့ကို နံနက်စာ၊ ညနေစာများ ကျွေးမွေးလှူဒါန်း ခြင်းကို လစဉ်ပုံမှန် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု
ကျိုက်မရောမြို့ အောင်မင်္ဂလာလမ်း ထပ်ပိုးလွှာကတ္တရာလမ်းဖွင့်

ကျိုက်မရော ဇန်နဝါရီ ၃

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့ ရန်မျိုးအောင် ရပ်ကွက် အောင်မင်္ဂလာလမ်းကတ္တရာ ထပ်ပိုးလွှာလမ်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၈နာရီက အဆိုပါကတ္တရာလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ အမှုဆောင်အရာရှိ ဦးသန့်ဇင်က ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေ အနေများကို ရှင်းလင်းတင်ပြပြီး အောင် မင်္ဂလာလမ်း ကတ္တရာထပ်ပိုးလွှာလမ်း ကို မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော် ငြိမ်၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်အောင်နှင့်လမ်းကော်မတီ ဝင်ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး **(အပေါ်ပုံ)** ကတ္တရာလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အကုန်အကျခံ

အဆိုပါ အောင်မင်္ဂလာလမ်း ကတ္တရာထပ်ပိုးလွှာသည် အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ပေဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၄သိန်း၊ ပြည်သူများက ငွေကျပ်သုံးသိန်း ဖြင့် အကုန်အကျခံ ဆောင်ရွက်ကြ ကြောင်း သိရသည်။**(မြို့နယ် စည်ပင်)**

ကျေးလက်ရေရရှိရေး လက်နှိပ်တုံကင်တူးဖော်

မတ္တရာ ဇန်နဝါရီ ၅

မတ္တရာမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာ ရေးနှစ်တွင် ကျေးလက်ဒေသသန့်ရှင်း သော သောက်သုံးရေ ရရှိရေးအတွက် မတ္တရာမြို့နယ် တောပုကျေးရွာတွင် လက်နှိပ်တုံကင်တွင်း တူးဖော်ရန် ဒီဇင်ဘာ ၂၃ ရက်က စတင်ဆောင် ရွက်ခြင်းကို မတ္တရာမြို့နယ် စည်ပင် သာယာရေးအဖွဲ့လက်ထောက်အင်ဂျင် နီယာ ဦးဇော်မြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မန်းဒေတို့က ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒဂုံမြို့သစ်(အရှေ့ပိုင်း) အမှတ် ၉/၁၀ ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အထက(၂)ခွဲတွင် ဒီဇင်ဘာ ၁၅ရက်က နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးသွယ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ကျောင်းအကျိုးတော်ဆောင် ဒေါ်မြမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဥက္ကံ-စမ်းရွာလမ်း ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၀-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မူဆယ်မြို့နယ် အမြဲကောင်း နှစ်ရှည်ပင် စိုက်ပျိုးရေးခြံ အကြောင်း)

၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ရွှေနိုင်ငံအတွက် မရိုးနိုင်သည့် မြန်မာမှုနီတိ) (ညွှန့်ဟံ-ကြူတော)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ချစ်တတ်မှလှမယ်-ရူပါသိမ်း)

၁၂:၂၀ ဓာတ်လမ်းပမာနားဆင်စရာ (ကြေကွဲသီလ)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လူမှုဆက်ဆံရေး စွမ်းရည်များဖွံ့ဖြိုးဖို့) (ဒေါက်တာမြင့်လွင်-စိတ်ပညာ)

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း-ရူပဗေဒ)

ညနေပိုင်း

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ ဟောပြောချက် (တိုးတက်ပြောင်းလဲလာသော မနော့မြေ)

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အလှအပအတွက် အနားယူ အပန်းဖြေခြင်း-မေလေး)

၁၈:၂၀ ကျေးလက်ဇာတ်လမ်း (တကယ်လုပ်ရင် အဟုတ်ဖြစ်တယ်)

၁၉:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (အလွယ်တကူ အသုံးပြုနိုင်သော ကျပ်ထုပ်)

၂၀:၃၀ ကလေးများ၏ပုံပြောပြိုင်ပွဲအစီအစဉ် (စည်းကမ်းနှင့်အလုပ် ပုံပြင်)

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး ဘုတလင်မြို့၌ ပျိုးခင်းသစ်စာကြည့်တိုက်ဖွင့်

ဘုတလင် ဇန်နဝါရီ ၂

အမျိုးသားညီလာခံကိုဂုဏ်ပြုသော အားဖြင့်ဘုတလင်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး ဖွင့်လှစ်သော ပျိုးခင်းသစ် ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ရက် နံနက်၁၀နာရီက ဘုတလင်မြို့ ခုံမင်းကြီးရပ်ကွက်တွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပျိုးခင်းသစ် စာကြည့်တိုက်ကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးတင်အောင်ဝင်းနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးမင်းမင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

လှူဒါန်း

စာကြည့်တိုက်ဖွင့်ပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဦးအောင်မွန်လတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စာအုပ်၅၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၅၀၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းက စာအုပ် ၅၀နှင့် ရပ်ကွက် အတွင်းရှိ စာအုပ်အလှူရှင်၁၅ဦးတို့က စာအုပ်၃၀၀ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ၌ နှစ်လက်မ စက်ရေတွင်းကို ဇန်နဝါရီ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော လပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၄၈) ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင် မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဇန်နဝါရီ၁၃ရက် ည ၆ နာရီတွင် ဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြပြီး တရားစခန်းဖွင့်မည့် ၁၃ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇျူပာအသင်းချုပ်သို့ လာရောက်သူများအား မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ကံသာ ၁ လမ်း အမှတ်(၂၅၁)နေ ဦးထွန်းမြိုင်မိသားစုက နှစ်ဖက်သော မိဘများကို ဦးထိပ်ထားပြီး ကွယ်လွန်သူ ဒေါ်မြင့်မြင့်သန်းအား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို ကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်း(အင်းစိန်)သို့ လှူဒါန်းရာ အသင်းနာယက ဦးကျော်သိန်းနှင့် အတွင်းရေးမှူးဦးကျော်သန့်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ (က-ပ)

ရွှေနေချုပ်ရုံး အားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၅ခုနှစ် ဒီဇင်ဘာလ အားကစားပြိုင်ပွဲများကို ရှေ့နေချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ နံနက်ပိုင်းတွင် ဆုချီးမြှင့်ပွဲပြုလုပ်ရာ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြသိမ်းတို့ တက်ရောက်ဆုချီးမြှင့်ပေးအပ်သည်။ **(မြန်မာ့အလင်း)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ယုဇနလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က အဆိုပါလမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ခိုင်နှင့် အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မှော်ဘီ သဲအင်းဂူ တရားစခန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မူလ သဲအင်းဂူ ဆရာတော်ကြီး စတင် တည်ထောင်ခဲ့သော သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် တစ်နှစ်ပတ်လုံး တရားစခန်းဖွင့်လှစ်ထားရာ တရားစခန်း ဝင်ရောက်လိုကြသူများသည် လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း၊ ဖုန်း-၆၂၀၀၁၉သို့ ဆက်သွယ်၍သော် လည်းကောင်း စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ် ၁၃ အခြေခံပညာမူလတန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရ ကျောင်းသူ မေသဉ္ဇာဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၈

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက် ကျောင်းလမ်း ဗုဒ္ဓဂယာကျောင်းတိုက်ကြီးတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် ခိုင်လုံသော အထောက်အထားများ ပူးတွဲ၍ အထက်ပါ နေ့ရက်မတိုင်မီ ဦးအောင်မြင့် ဖုန်း-၃၈၄၁၉၀၊ဦးရဲလှမြတ် ဖုန်း-၀၉ ၅၀ ၁၆၃၈၆၊ ဦးရဲမြင့် ဖုန်း- ၂၁၂၁၄၂၊ ၃၈၇၃၁၇နှင့် အလုပ်အမှုဆောင်များထံသို့ ဆက်သွယ်ပေးပို့ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတောင်မြို့နယ်၌ ကြက်ဆူပင်စိုက်ပျိုးရေး တာဝန်ပေးအပ်

ရွှေတောင် ဇန်နဝါရီ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး **(ဝဲပုံ)** မြို့နယ်အတွင်းရေးမှူး ဦးခင်မောင်ကြည်က စိုက်ပျိုးခြင်းဆိုင်ရာ ကိစ္စများအကြောင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်းက စိုက်ပျိုးရေးနည်းစနစ်များအကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမြင့်ရွှေက စိုက်ပျိုးရမည့်အစီအစဉ်များအကြောင်း၊ မြို့နယ်မြေစာရင်း ဦးစီးဌာနဦးစီးမှူး ဦးအေးထွန်းက စိုက်ပျိုးရမည့် မြေနေရာဆိုင်ရာများအကြောင်း ဆွေးနွေးကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် ရပ်ကွက်သုံးရပ်ကွက်နှင့် အုပ်စု ၄၈ ခုမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများသို့ အိမ်ထောင်စုအလိုက် စိုက်ပျိုးနိုင်ရန် တာဝန်ပေးအပ်သည်။ တစ်မြို့နယ်လုံးအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၂၇၅၀၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဧက ၅၆၀၀၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဧက ၁၆၅၀ စုစုပေါင်း ဧက ၁၀၀၀၀ ကို စိုက်ပျိုးရန်လျာထားခဲ့သော်လည်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် သတ်မှတ်ဧကများ အပြီးသတ်စိုက်ပျိုး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တံတားဦးမြို့နယ် သင်ပန်းတပယ် ကျောက်ချောလမ်းဖွင့်

တံတားဦး ဇန်နဝါရီ ၁

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး သင်ပန်းတပယ် ကျောက်ချောလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်နံနက် ၇ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းက လမ်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အမှုဆောင်အရာရှိဦးတင်ဇော်လင်းနှင့် အသင်းအတွင်းရေးမှူး ဦးတင့်ဆွေတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၉၈၀ ရှိပြီး ငွေကျပ်သိန်း ၄၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

(၁၂) ကြိမ်မြောက် ကချင်ပြည်နယ် ကြက်ခြေနီအသင်း ကြီးကြပ်ရေးကော်မတီ စေတနာသွေးသန့်သွေးအလှူရှင်အသင်းမှ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ရက်က မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ကျင်းပရာ မြစ်ကြီးနား တက္ကသိုလ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာသိုင်းအဖွဲ့၊ ကြက်ခြေနီနှင့် ရပ်ကွက်ကျေးရွာများမှ စေတနာသွေးလှူရှင် အသင်းဝင် ၉၉ ဦးတို့ စုပေါင်း သွေးလှူဒါန်း ကြစဉ်။

(က-ပ)

ကျောက်ချောလမ်းခင်း

မိုးကောင်းမြို့နယ် ရွှေအင်းကျေးရွာမှ မိုးကောင်းမြို့သို့ ဆက်သွယ်သော လမ်းကို ဒီဇင်ဘာ ၁၀ ရက်က မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးယဉ်မင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်နှင့် မျိုးပင်စုပေါင်းစိုက်ပျိုးပွဲ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်စိုက်ပျိုးပေး မျိုးစေ့များနှင့်အကိုင်းများ ပျိုးအိမ်များအတွင်း ထည့်သွင်းပျိုးထောင်ပေး

ရန်ကုန် ဇန်နဝါရီ ၈

အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသည့်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်နှင့် မျိုးပင်စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းဆုံရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် စိုက်ပျိုးပေးကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုး ကြက်ဆူပင်၏ အသုံးဝင်ပုံနှင့် စိုက်ပျိုးရေး ဆိုင်ရာ သိသင့်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုး ကြက်ဆူပင် မျိုးစေ့များနှင့် အကိုင်းများကို ပျိုးအိမ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးအိတ်များအတွင်း မျိုးစေ့ ၄၂၀၀၀ ထည့်သွင်းပျိုးထောင်နေမှု၊ ပေါင်များပြုလုပ်ပြီး မျိုးစေ့ သုံးသိန်း ပျိုးထောင်ထားရှိမှု၊ မျိုးကိုင်း ၇၀၀၀ ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်နေမှုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းက ခင်းကျင်းပြသထားသည့် ကြက်ဆူပင်မျိုးစေ့များ၊ ပျိုးပင်ပေါက်များ၊ ခြံစည်းရိုးကြက်ဆူပင်ဓာတ်ပုံများနှင့် အသုံးဝင်ပုံပြကွက်တို့ကို လိုက်လံ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများသည် မင်းဓမ္မပြပွဲပြိုင်ပွဲတွင် အကျယ်လေးဧကရှိ မြေကွက်လပ်ကို မြေယာ ပြုပြင်ပြီး အကွာအဝေးခြောက်ပေစီဖြင့် ခြံစည်းရိုးကြက်ဆူမျိုးပင် ၄၈၀၀ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များက ပျိုးရက် ကိုးလနှင့် တစ်လသားအရွယ်ရှိ ခြံစည်းရိုးကြက်ဆူပင်များ မြေချစိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော်နှင့် မျိုးပင်စုပေါင်းစိုက်ပျိုးပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးစဉ်။
(သတင်းစဉ်)

ဆွေးနွေးအကြံပြုချက်စာတမ်းများ လေးမျက်နှာပူးတွဲပါရှိ

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ဇန်နဝါရီ၅ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ တစ်သီးပုဂ္ဂလကိုယ်စားအလှယ် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်သည့် စစ်ကိုင်းတိုင်းမှ ဦးရှီသီးနှင့် ဧရာဝတီတိုင်းမှ ဒေါ်စန်းစန်းဌေးတို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။
(မြန်မာ့အလင်း)

အမျိုးသားညီလာခံကိုယ်စားလှယ်များ မင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့် ရန်ကုန်စက်မှုဇုန်လေ့လာ ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များ ခရစ်ယာန်ဘုရားကျောင်းများ၌ဝတ်ပြုဆုတောင်း

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၌ တက်ရောက်နေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)နံနက်ပိုင်းတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ရန်ကုန်စက်မှုဇုန်နှင့် ပြည်ဥယျာဉ် ကွန်ဒိုမီနီယံ (Pyay Garden Condominium)တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ယနေ့(တနင်္ဂနွေနေ့) တွင် ခရစ်ယာန်ဘာသာဝင်ညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ရှိ ဘုရားရှိခိုးကျောင်းများသို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ *စာမျက်နှာ ၁၃ ကော်လံ ၅* ✡

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

- **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူတွေနဲ့ ပတ်သက်ပြီး အချက်(၁၂)ချက်ကို အသေးစိတ် အခြေခံရမယ့် မူတွေအဖြစ် ချမှတ်ပေးထားတယ်။ မြင်သာထင်သာအောင်ပြောရရင် ရာဇဝတ်ပြစ်ဒဏ်ကျခံနေရတဲ့သူတွေ၊ ရွေးကောက်ပွဲ ပြစ်မှုကျူးလွန်ခဲ့လို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူတွေ၊ လူမွဲအဖြစ် ကြေညာခံထားရသူတွေ၊ စိတ်ပေါ့သွပ်သူတွေ၊ သာသနာ့ဝန်ထမ်းတွေနဲ့ နိုင်ငံတော်ရဲ့ နယ်ဘက်ဝန်ထမ်းတွေဟူသမျှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြဘူးကွယ့်။**
- **နိုင်ငံခြားအစိုးရရဲ့ ကျေးဇူးခံကျေးဇူးစားတွေ၊ နိုင်ငံခြားအစိုးရရဲ့ လက်အောက်ခံ လက်ဝေခံဖြစ်နေသူတွေ၊ တိုင်းတစ်ပါးရဲ့ နိုင်ငံသားအဖြစ် ခံယူထားသူတွေဟူသမျှ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိဘူးလို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။**

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့်အနှစ်သာရ အပိုင်း(၄) ဆောင်းပါး (စာ-၈ နှင့် ၉)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့ ကိုယ်စားလှယ် သုံးဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ ဦးထွန်းကျော်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

မိမိတို့သုံးဦး စုပေါင်းပြုစုထားသည့် စာတမ်းပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အချက်အလက်အချို့ကို ကောက်နုတ်တင်ပြဆွေးနွေးမှာ ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်းသော အခြေခံမူများမှာ **"နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်"**ဟု အခြေခံမူချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော် အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေခြင်းနှင့်စပ်လျဉ်းပြီး အခြေခံမူများ ချမှတ်ရာတွင် **"နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်။ ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား အပ်နှင်းသည်"**ဟု အခြေခံမူချမှတ်ခဲ့ပါကြောင်း၊ ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အခြေခံမူများချမှတ်ခဲ့ရာမှာလည်း **"နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်"** ဟု အခြေခံမူချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းသို့ အခြေခံမူများ ချမှတ်ထားသည့်အတွက် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"**မှာ ပါရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီးက အတည်ပြုသည့် ဥပဒေကြမ်းများကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပေးသော ဥပဒေပြုခွင့်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များက အတည်ပြုသည့်ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်သည့် လုပ်ပိုင်ခွင့်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် ဝန်ကြီးချုပ်၌သာ ရှိစေသင့်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီးက အတည်ပြုသည့် ဥပဒေကြမ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ကြေညာရန်ချမှတ်ထားသင့်ပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ဥပဒေပြုခွင့်သတ်မှတ်ပေးသည့် ကိစ္စရပ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများက ဥပဒေပြုကြရမှာ ဖြစ်ပါကြောင်း၊ ယင်းသို့ ဥပဒေပြုရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ် ပါဝင်မည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများက ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ကြရမှာ ဖြစ်ပါကြောင်း၊ ဦးစီးအဖွဲ့က အတည်ပြုပြီးသည့်နောက်မှာလည်း ဥပဒေကြမ်းမှာ ပြုပြင်ရန် လိုအပ်သည်ဟု သဘောရရှိလျှင် ဝန်ကြီးချုပ်အနေဖြင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးဖြစ်သော ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ထပ်မံညှိနှိုင်းနိုင်မှာ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို ဆိုင်ရာဦးစီးအဖွဲ့က ဝန်ကြီးချုပ်ထံ တင်ပြလာသည့်အခါ၌ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် အချိန်ကာလကို ရက်သတ္တပတ်နှစ်ပတ်ခန့် သတ်မှတ်ပေးထားသင့်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကအတည်ပြုလိုက်သည့် ဥပဒေကြမ်းတစ်ရပ်ကိုထုတ်ပြန်ကြေညာသည့်အခါတွင် မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အာဏာသက်ရောက်မှုရှိစေရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ထည့်သွင်းဖော်ပြသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများမှာလည်း ဥပဒေတစ်ရပ်သည် ထုတ်ပြန်ကြေညာသည့်နေ့ကစပြီး အာဏာတည်ရမည်ဆိုသည့်အချက်ကို ထည့်သွင်းဖော်ပြသင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါကြောင်း။

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊
- တိုင်းဒေသကြီးလွှတ်တော်များနှင့်ပြည်နယ်လွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးခေါ်ယူကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုရေးကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် တစ်နှစ်မှာ အနည်းဆုံး ကျင်းပရမည့် ပုံမှန်အစည်းအဝေးအရေအတွက် သတ်မှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှာ အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပခွင့်ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများ၊ ပြည်နယ်လွှတ်တော်အစည်းအဝေးများအထမြောက်ရန် လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်၊ သဘောတူညီချက်၊ အတည်ပြုချက် စသည်များအတွက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှ၏ထောက်ခံဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့်ကိစ္စများကို ဆုံးဖြတ်ခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌ၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များကို အရေးယူခြင်းကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူ သိရှိခွင့်ကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်တွင် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့် အပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်များ၊နည်းဥပဒေ၊စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် မူရင်းဥပဒေနှင့် မညီညွတ်သည်ကိုတွေ့လျှင် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်များ သတ်မှတ်ရေး ကိစ္စတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် အတည်ပြုချက်ရယူရမည့်ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဥပဒေကြမ်းတင်သွင်းခွင့်နှင့် စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းတင်သွင်းခွင့်ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေ လျာထားချက်များကို လွှတ်တော်သို့တင်သွင်းခြင်း၊ လွှတ်တော်က အဆုံးအဖြတ်ပေးခြင်း ကိစ္စတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များက အတည်ပြုသော ဥပဒေကြမ်းများကို ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းနှင့် ဥပဒေတစ်ရပ် အာဏာတည်ရမည့်နေ့တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်း ပြောဆိုခွင့်ကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်၌ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရရှိရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင်သက်ဆိုင်ရာလွှတ်တော်၌ လွတ်လပ်စွာ ပြောဆိုခွင့်ရရှိရေးကိစ္စတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်များအား ဥပဒေအရ ဖမ်းဆီးရန် အကြောင်း ပေါ်ပေါက်ခဲ့လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း

အကျယ်တဝင့် အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များသည် ပြီးပြည့်စုံပြီးဖြစ်သည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန် မရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုနှင့် တိုင်းရင်းသားလူမျိုးများ၏ အနာဂတ်ကောင်းကျိုးချမ်းသာ အဖြာဖြာကို ဖန်တီးဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် ကျင်းပနေသည့် အမျိုးသားညီလာခံကြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း မိမိတို့သုံးဦး စုပေါင်းပြုစုတင်ပြထားသည့် အကြံပြုစာတမ်းကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီးက အတည်ပြုသည့် ဥပဒေကြမ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်ရေးအကြီးအကဲ ဖြစ်သည့် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ကြေညာရန်ချမှတ်ထားသင့်။

ပြည်သူ့လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေး စတင်သည့်နေ့မှ ၁၅ရက်အတွင်း ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေးကျင်းပရန် သတ်မှတ်သင့်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းမှ ဦးရှိသီး၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

ဖတ်ကြားတင်ပြ

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို စစ်ကိုင်းတိုင်းမှ ဦးရှိသီး ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် မိမိတို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ထောက်ခံတင်ပြချက်များကို ဦးစွာတင်ပြမှာ ဖြစ်ပါကြောင်း။

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ပါဝင်ကြောင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း။

ထိုသို့ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အသီးသီး၏ သက်တမ်းတစ်ရပ် စတင်သည့် ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ကျင်းပသည့်ကာလမှာပင် ယင်းလွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကိုပါ ကျင်းပရမှာဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတသည် မိမိ၏ ရာထူးသက်တမ်းစတင်ချိန်တွင် အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ သက်ဝင်လှုပ်ရှားလာနိုင်အောင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရမည့် ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် တင်ပြရမှာဖြစ်ပါကြောင်း၊ ယင်းသို့တင်ပြနိုင်အောင် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို စောနိုင်သမျှစောပြီး ကျင်းပရန်လိုအပ်မှာ ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေး စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေး ကျင်းပရန် သတ်မှတ်မည်ဆိုလျှင် သင့်လျော်မည်ဟု သဘောရရှိပါကြောင်း။

မိမိအနေဖြင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ကိုယ်စား နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် မိမိတို့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အကြံပြုတင်ပြချက်စာတမ်းကို တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါကြောင်း။

ဦးစွာပထမ အစီရင်ခံလိုသည်မှာ မိမိတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံမူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဒီဇင်ဘာ ၁၃၊ ၁၄၊ ၁၅ရက်များတွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က စိတ်ဝင်စားစွာ အပြည့်အစုံကြားနာမှတ်သားခဲ့ပါကြောင်း၊ ထို့အပြင် မိမိတို့အစုအဖွဲ့ကို ပေးပို့ခဲ့သည့် စာတမ်းအပြည့်အစုံကိုလည်း ဖတ်ရှုခွင့်ရပြန်ပါကြောင်း၊ ယင်းသို့ ဖတ်ရှုခွင့်ရပြီးသည့်နောက် စာတမ်းပြုစုရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့သည် ပြည်ထောင်စုတစ်ဝန်းမှ တက်ရောက်လာသူများဖြစ်သည်နှင့်အညီ ခရိုင် ၆၃ခရိုင်၊ ပြည်နယ်နှင့်တိုင်း ၁၄ခုက တိုင်းရင်းသားလူမျိုးစုံ၊ လူတန်းစားစုံ၊ အလွှာစုံပါဝင်ကြသည့်အတိုင်း အစုအဖွဲ့ ၁၄ဖွဲ့ ဖွဲ့စည်းပြီး ဆွေးနွေးမှုများပြုလုပ်ကြပါကြောင်း၊ အတိတ်သမိုင်းက ခါးသီးသည့်အတွေ့အကြုံများကို သင်ခန်းစာယူပြီး လက်ရှိပကတိအခြေအနေများအပေါ်တွင် လေ့လာသုံးသပ်ကာ ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် ထာဝစဉ် တည်တံ့ခိုင်မြဲရေးကိုရှေးရှုလျက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် မဖြစ်မနေကြိုးပမ်းဆောင်ရွက်မည်ဟု မိမိတို့အစုအဖွဲ့က သန္နိဋ္ဌာန်ချထားသည်နှင့်အညီ စာတမ်းကို ဝိုင်းဝန်းရေးသားပြုစုကြပြီး စိစစ်တည်းဖြတ်ကြပါကြောင်း။

ယခုမိမိတင်ပြအကြံပြုမည့်စာတမ်းမှာ ထောက်ခံသဘောတူကြောင်း တင်ပြသည့်အချက်များအပြင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့က သင့်တော်မည်ဟု ယူဆပါက လိုအပ်သလိုအသုံးပြုနိုင်ရေးအတွက် အကြံပြုချက်အချို့လည်း ပါဝင်ပါကြောင်း၊ မိမိတို့အစုအဖွဲ့က တင်ပြသည့်အကြံပြုချက်များမှာ ပါရှိသည့် အချို့သောအချက်အလက်များမှာ ဥပဒေပြုစရာမလိုဘဲ ဥပဒေအရ သက်ဆိုင်ရာလွှတ်တော်များ၌ အလိုလိုအကျုံးဝင်သွားမည်ဆိုသည့် ကိစ္စရပ်များရှိနေပါလျှင်လည်း ညွှန်ပြပါက ဝမ်းပန်းတသာလက်ခံမှာဖြစ်ပါကြောင်း၊ အလားတူပင် ဥပဒေပြုမည့်ကိစ္စမျိုးမဟုတ်ဘဲ အခြေခံဥပဒေမှာ လမ်းညွှန်မှု (Directive Principle)များအဖြစ် ဖော်ပြသွားခြင်းဖြင့် ပြီးမြောက်မည့်ကိစ္စရပ်များ ဖြစ်နေမည်ဆိုလျှင်လည်း ညွှန်ပြပါက ဝမ်းပန်းတသာလက်ခံမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါကြောင်း။

ယခုအချိန်ကစပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံမူများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်များအလိုက် ကဏ္ဍ (၃)ရပ်ခွဲခြား၍ တင်ပြသွားမှာဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက်

ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းကိစ္စရပ်များ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက ဆောင်ရွက်ရမည်ဟု သတ်မှတ်ထားသင့်

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းမှာ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူအရ ပြည်သူ့လွှတ်တော်သက်တမ်း၏ ပထမလပေါင်း ၃၀မှာ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ထမ်းဆောင်ရမှာဖြစ်ပါကြောင်း၊ အာဏာသုံးရပ် ပိုင်းခြားသုံးစွဲသည့်စနစ်မှာ ပြည်ထောင်စုလွှတ်တော်ကို ပြည်ထောင်စုလွှတ်တော်၏အကြီးအကဲက ခေါ်ယူကျင်းပမှသာ သဘာဝကျမှာဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူကျင်းပရမည့်တာဝန်ကို ပြည်ထောင်စုလွှတ်တော် နာယကကို အပ်နှင်းသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးကျင်းပရမည့် အရေးအတွက်သတ်မှတ်ရေးနှင့် စပ်လျဉ်းပြီး နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမည့် ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကိုလည်း သက်တမ်းတစ်ရပ်အတွင်း တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရန် သတ်မှတ်ခြင်းဖြင့် တစ်နှစ်အတွင်းမှာ လိုအပ်လျှင် လိုအပ်သလို တစ်ကြိမ်ထက်ပိုပြီး ကျင်းပခွင့်ရှိမှာ ဖြစ်ပါကြောင်း။

ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရဟု သတ်မှတ်သင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ခေါ်ယူကျင်းပရန် ပြည်ထောင်စုလွှတ်တော်၏ အကြီးအကဲဖြစ်သည့် ပြည်ထောင်စုလွှတ်တော်နာယကကို လုပ်ပိုင်ခွင့်အပ်နှင်းသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ ကျင်းပသည့်အခါ ယင်းအစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အစည်းအဝေးများတွင် နိုင်ငံတော်အကြီးအကဲများက မိမိနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ကို အခါအားလျော်စွာ တက်ရောက်ပြီး မိန့်ခွန်းပြောကြားခြင်း၊ သဝဏ်လွှာပေးပို့ခြင်းများ တွေ့ရပါကြောင်း၊ ယင်းသို့ နိုင်ငံ့အကြီးအကဲက လွှတ်တော်အစည်းအဝေး တက်ရောက်ပြီး မိန့်ခွန်းပြောကြားခြင်း၊ သဝဏ်လွှာပေးပို့ခြင်းတို့ကို ပြုလုပ်သည့်အခါ လွှတ်တော်များတွင် မှတ်တမ်းတင်ထားလေ့ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လွှတ်တော်ကို အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအကြီးအကဲကဖြစ်စေ၊ လွှတ်တော်အကြီးအကဲကဖြစ်စေ ပေးပို့သော သဝဏ်လွှာများနှင့် အခြားသဝဏ်လွှာများလည်း ရှိနိုင်ပါကြောင်း၊ အခြားသဝဏ်လွှာများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်နာယကက စိစစ်ခွင့်ပြုသော သဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်၌ ဖတ်ကြားတင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ရန် သတ်မှတ်သင့်ပါကြောင်း။

ဥပဒေတစ်ရပ်ဖြစ်လာရန် ဥပဒေကြမ်းတင်သွင်း ဆွေးနွေးဆုံးဖြတ်ခြင်းဆိုသည့် ဥပဒေပြုလုပ်ငန်းသည် ဥပဒေပြုလွှတ်တော်၏ ပင်မလုပ်ငန်းတာဝန်ဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ် ဖွဲ့စည်းထားရှိသည့် နိုင်ငံများတွင် ယေဘုယျအားဖြင့် ဥပဒေကြမ်း တင်သွင်းအတည်ပြုခြင်းကို လွှတ်တော်နှစ်ရပ်စလုံး၌ ဆောင်ရွက်ကြပါကြောင်း။

နောင်ဖွဲ့စည်းမည့် ပြည်ထောင်စုလွှတ်တော်မှာလည်း ပြည်ထောင်စုလွှတ်တော်သို့သာ တင်သွင်းဆွေးနွေး ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သည့် ဥပဒေကြမ်းများနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့်အတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌ တင်သွင်းဆွေးနွေးဆုံးဖြတ်ကြရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပြုရေးလုပ်ငန်းမှာ ပါဝင်သည့် ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက ဆောင်ရွက်ရမည်ဟုသတ်မှတ်ထားသင့်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်က အတည်ပြုပြီးသည့်နောက် ဥပဒေအဖြစ် လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာပေးရန် ဥပဒေကြမ်းကို နိုင်ငံတော်အကြီးအကဲထံ တင်ပြကြပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဥပဒေကြမ်းကို သဘောတူလျှင် ဥပဒေကြမ်းမှာ လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပါကြောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်က ပြန်လည်စဉ်းစားသင့်သည်ဟု သဘောရရှိလျှင် မိမိ၏ သဘောထားမှတ်ချက်များနှင့်အတူ ဥပဒေကြမ်းကို လွှတ်တော်သို့ ပြန်လည်ပေးပို့ခွင့် ရှိပါကြောင်း။

ယင်းသို့ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်စဉ်းစားနိုင်ရန် ပေးပို့လာသည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရန် သတ်မှတ်ထားသင့်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်ကသာ ဆုံးဖြတ်ဆောင်ရွက်မည့် ကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်ခြင်းဆိုသည့် အချက်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်အဖြစ် သတ်မှတ်ထားရှိသင့်ပါကြောင်း။

ဥပဒေတစ်ရပ်ရပ်အရ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းသည့် အစီရင်ခံစာများ၊ ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကတင်သွင်းသည့် အစီရင်ခံစာများရှိခဲ့လျှင် ယင်းသို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေနှင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း။

လွှတ်တော်များ၌ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းစသည့် ကိစ္စရပ်များသည် လွှတ်တော်များ၏ အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းဆိုသည့် ကိစ္စကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြလိုပါကြောင်း။

လွှတ်တော်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များက အစိုးရအဖွဲ့၏မူဝါဒများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် သက်ဆိုင်သည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး မေးမြန်းသည့် မေးခွန်းများသည် လွှတ်တော်ဥပဒေများမှာ သတ်မှတ်ထားလေ့ရှိသည့် စည်းကမ်းနှင့် ညီညွတ်လျှင် လွှတ်တော်အကြီးအကဲက နေ့ရက်နှင့်အချိန် သတ်မှတ်ပြီး မေးခွန်းမေးခွင့် ပြုလေ့ရှိပါကြောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဝင်များက ဖြေကြားလေ့ရှိကြပါကြောင်း။

လွှတ်တော်၌ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းအားဖြင့် မေးခွန်းမှာ ဖော်ပြပါရှိသည့် ကိစ္စရပ်ကို ပြည်သူအများသိရှိအောင် ဆောင်ရွက်သည့် သဘောလည်း သက်ရောက်ပါကြောင်း၊ ထို့ကြောင့် မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ထည့်သွင်းသင့်ကြောင်း တင်ပြလိုပါကြောင်း။

အခြားနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ မိမိတို့နိုင်ငံသို့ရောက်ရှိစဉ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန်နှင့် တိုက်ဆိုင်နေပါက ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက် မိန့်ခွန်းပြောကြားခြင်းများလည်း ရှိနိုင်ပါကြောင်း၊ ယင်းသို့ ကိစ္စရပ်များရှိလာခဲ့လျှင် ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တင်ပြပြီး ဆွေးနွေးဆောင်ရွက်နိုင်အောင် ပြည်ထောင်စုလွှတ်တော် နာယကက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်းဆိုသည့် အသေးစိတ်အခြေခံရမည့်မူမျိုးလည်း ချမှတ်ထားသင့်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၌ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေများပေါ်ပေါက်သည့်အတွက်ကြောင့် လွှတ်တော်အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူရသည့်ကိစ္စမျိုး ပေါ်ပေါက်နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ပြည်ထောင်စုလွှတ်တော်၏ အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည့် လုပ်ပိုင်ခွင့်ကိုလည်း ပြည်ထောင်စုလွှတ်တော်နာယကကိုပင် အပ်နှင်းသင့်ပါကြောင်း။

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်ရမည်ဆိုသည့် အခြေခံရမည့်မူကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များထဲတွင် ပြည်ထောင်စုလွှတ်တော်ကို ညှိနှိုင်းခေါ်ယူခွင့်လည်း ပါရှိသင့်ပါကြောင်း။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်စပ်လျဉ်းပြီး ထူးခြားသည့်အခြေအနေများ ပေါ်ပေါက်သည့်အတွက် အရေးတကြီး ဆောင်ရွက်ရမည့်အချိန်အခါမျိုး၊ အခြေအနေမျိုးကြုံလာလျှင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သင့်သည့်ကိစ္စမျိုးကို

အချပ်ပို (၈) သို့

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ ဥပဒေများပြဋ္ဌာန်းခွင့်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ ရောဝတီတိုင်းမှ ဒေါ်စန်းစန်းဌေး၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ရောဝတီတိုင်းမှ ဒေါ်စန်းစန်းဌေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

လွှတ်တော်များ၏ဆုံးဖြတ်ဆောင်ရွက်ချက်များအနက် အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သည်ဟု သက်ဆိုင်ရာလွှတ်တော်က ထင်မြင်ယူဆသည့် အကြောင်းအရာများ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်၏ဆုံးဖြတ်ချက်အရဖြစ်စေ၊ ထုတ်ဝေခြင်းမပြုရန် ကန့်သတ်ထားသည့်ဆုံးဖြတ်ဆောင်ရွက်ချက်များကိုချန်လှပ်ပြီး ကျန်ဆုံးဖြတ်ဆောင်ရွက်ချက်များကို အများပြည်သူလေ့လာသိရှိနိုင်အောင် ဆောင်ရွက်ရန် သတ်မှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေပြုခွင့်ရှိသည့်ကိစ္စရပ်များကို ဥပဒေပြုရာတွင် တစ်ခါတစ်ရံ ပြည်ထောင်စုတစ်ခုလုံးနှင့် မသက်ဆိုင်ဘဲ ပြည်ထောင်စု၏တစ်စိတ်တစ်ဒေသကိုသာ အာဏာသက်ရောက်မည့် ဥပဒေမျိုးကို ပြဋ္ဌာန်းရသည်လည်း ရှိနိုင်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် **“ပြည်ထောင်စုဥပဒေပြုစာရင်း”** တွင်ဖော်ပြပါရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ ဥပဒေများပြဋ္ဌာန်းခွင့်ရှိသည်ဆိုသည်ကို အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင်ပါဝင်ကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ဥပဒေကြမ်းတစ်ခုကို အတည်ပြုခဲ့လျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ ယင်းဥပဒေနှင့် သက်ဆိုင်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား အပ်နှင်းသင့်ပါကြောင်း တင်ပြလိုပါကြောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ခွင့်ကို သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်များအား အပ်နှင်းရန် သတ်မှတ်သင့်ပါကြောင်း။

ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မူရင်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်မညီညွတ်လျှင် ပယ်ဖျက်နိုင်သည့်လုပ်ပိုင်ခွင့်နှင့် ပြင်ဆင်စေနိုင်သည့် လုပ်ပိုင်ခွင့်တို့ကို ပြည်ထောင်စုလွှတ်တော်အား အပ်နှင်းထားသင့်ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးကဆုံးဖြတ်လျှင် ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်ထောင်စုလွှတ်တော်ကဆုံးဖြတ်သည်ဟု မှတ်ယူဆောင်ရွက်ရန်လည်း သတ်မှတ်သင့်ပါကြောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူရန် သတ်မှတ်သင့်ပါကြောင်း။

နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ကို ပြင်ဆင်ပယ်ဖျက်ရန် အဆုံးအဖြတ်ပြုခဲ့လျှင် ထိုသို့ပြင်ဆင်ပယ်ဖျက်ခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးဖြစ်သော အမှုကိစ္စများကို မထိခိုက်စေရန်လည်း သတ်မှတ်ချက်ထားရှိသင့်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်း စာချုပ်များတွင် ပါဝင်ချုပ်ဆိုခြင်း၊ သဘောတူညီချက်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်း၊ အဆိုပါစာချုပ်များ၊ သဘောတူညီချက်များမှ နုတ်ထွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်တစ်ခုလုံးကို အကျိုးသက်ရောက်မှုရှိနိုင်သော ကိစ္စဖြစ်သည့်အတွက် သမ္မတတစ်ဦးတည်း၏ ဆန္ဒသဘောထားအရ ဆောင်ရွက်ခွင့်မပြုဘဲ ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း၊ ချစ်ကြည်ရေးစာချုပ်၊ ယှဉ်ကျေးမှုဖလှယ်ရေးစာချုပ် စသည့်စာချုပ်မျိုး၊ သဘောတူညီချက်မျိုးများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတအား ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်မည်ဆိုလျှင် လုပ်ငန်းမြန်ဆန်ထိရောက်နိုင်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲမဟုတ်သည့်ကာလတွင် နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာကိစ္စများမှအပ နိုင်ငံတော်၏ လုံခြုံရေးအခြေအနေကဲ့သို့သော ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများကို နိုင်ငံတော်သမ္မတက **“ဥပဒေကဲ့သို့အာဏာတည်သောအမိန့်”** ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး ယင်းအမိန့်ကိုအတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ကိုတင်ပြလာသည့်အခါ အတည်ပြုမပြု ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပြုရမှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပရန်ရှိလျှင် ကျင်းပရန်ရှိသည့် အနီးကပ်ဆုံးအစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရန် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အစည်းအဝေးကျင်းပရန် မရှိလျှင် နိုင်ငံတော်သမ္မတက အကြောင်းကြားသည့်အတိုင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခေါ်ယူကျင်းပပြီး တင်ပြအတည်ပြုချက်ရယူရမှာဖြစ်ပါကြောင်း၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်လျှင် ယင်းအမိန့် ဆက်လက်အာဏာတည်ရမည့် ကာလကိုလည်း တစ်ပါတည်းသတ်မှတ်ပေးရန် လိုအပ်မှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းတင်သွင်းခြင်း၊ အတည်ပြုခြင်းတို့နှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့သည် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းတင်သွင်းခွင့် ရှိစေသင့်ပါကြောင်း။

ချစ်ကြည်ရေးစာချုပ်၊ ယှဉ်ကျေးမှုဖလှယ်ရေးစာချုပ် စသည့်စာချုပ်မျိုး၊ သဘောတူညီချက်မျိုး ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတအား ပြည်ထောင်စုလွှတ်တော်ဆုံးဖြတ်ချက်နှင့် လုပ်ပိုင်ခွင့်လွှဲလျှင် လုပ်ငန်းမြန်ဆန်ထိရောက်နိုင်

နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ဘဏ္ဍာရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းထားရှိရေးနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်အပေါ် အခြေပြုပြီး ပြည်ထောင်စုအစိုးရက ရေးဆွဲတင်သွင်းသည့် နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်သည့်အပြင် အချိန်နှင့်တစ်ပြေးညီ အဆုံးအဖြတ်ပေးရမည့် ဥပဒေကြမ်းများဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားသင့်ပါကြောင်း။

တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်စီမံကိန်းများကိုလည်း ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် သတ်မှတ်ထားသင့်ပါကြောင်း၊ ယင်းသို့ ပြည်ထောင်စုအစိုးရက တင်သွင်းသည့်တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်စီမံကိန်းများ၊ ပြည်ထောင်စု၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ရေးဆွဲတင်သွင်းရမည့်နည်းလမ်းများကို ဥပဒေနှင့် သတ်မှတ်ရန်လိုအပ်မှာ ဖြစ်ပါကြောင်း။

အချပ်ပို (ဃ) သို့

အချပ်ပို (ခ) မှ

တင်ပြဆောင်ရွက်နိုင်အောင် နိုင်ငံတော်သမ္မတ၌ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူပေးရန် နာယကထံ အကြောင်းကြားပိုင်ခွင့် ရှိသင့်ပါကြောင်း။

လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးရန် တောင်းဆိုနိုင်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ချက်နှင့်စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် နိုင်ငံတစ်နိုင်ငံစီ၏ အခြေအနေအရ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ငါးပုံတစ်ပုံ၊ လေးပုံတစ်ပုံ၊ သုံးပုံတစ်ပုံ၊ ငါးပုံနှစ်ပုံ စသည်ဖြင့် အမျိုးမျိုးသတ်မှတ်ကြသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမှာလည်း အစည်းအဝေးခေါ်ယူပေးရန် တောင်းဆိုနိုင်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသတ်မှတ်ရာတွင် မများလွန်း၊ မနည်းလွန်းဖြစ်ရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အထမြောက်စေရန် လိုအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရေးနှင့် စပ်လျဉ်းပြီး တင်ပြလိုပါကြောင်း၊ အစည်းအဝေး အထမြောက်ရန် အနည်းဆုံးလိုအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရာတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေအပေါ် အခြေခံသင့်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရာတွင် ရွှေ့ဆိုင်းကျင်းပမည့် အစည်းအဝေးများ၊ ဆက်လက်ကျင်းပရသည့် အစည်းအဝေးများအတွက်ကိုပါ ထည့်သွင်းစဉ်းစားပြီး သတ်မှတ်ရန် လိုအပ်မှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အများစု တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်ဟု သတ်မှတ်မည်ဆိုလျှင် သင့်မြတ်မည်ဟု သဘောရရှိပါကြောင်း၊ ဆက်လက်ကျင်းပရသည့် အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်ဟု သတ်မှတ်သင့်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ခဲ့စဉ်က နိုင်ငံတော်၏ နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးအတွက် ဆောင်ရွက်စရာရှိလျှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ထောက်ခံဆန္ဒမဲ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ထောက်ခံဆန္ဒမဲ၊ ယင်းလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့် အကျုံးဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ထောက်ခံဆန္ဒမဲ ရရှိမှသာ ဆောင်ရွက်နိုင်သည်။ အကယ်၍ ထောက်ခံမဲ ထက်ဝက်ကျော်စီ မရဘူးဆိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက်က ထောက်ခံမှသာ နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်ရေးကို ဆက်လက်ဆောင်ရွက်ရမည်ဆိုပြီး အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ပြင်ဆင်ရေးနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက်၏ ထောက်ခံဆန္ဒမဲ ရရှိမည်ဟုလည်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

သီးခြားသတ်မှတ်ချက်မပါရှိဘဲ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်၊ အတည်ပြုချက်နှင့် ဆောင်ရွက်ရမည်ဆိုသည့် ကိစ္စရပ်မျိုးများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က မည်သို့ ဆန္ဒမဲရယူဆုံးဖြတ်ရမည်ဆိုသည်ကိုလည်း သတ်မှတ်ရန် လိုအပ်မှာဖြစ်ပါကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျသတ်မှတ်ထားခြင်း မရှိသည့် ကိစ္စများကို ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ရာတွင် အစည်းအဝေးတက်ရောက်ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ရာ၏ ဆန္ဒမဲနှင့်ဆုံးဖြတ်ရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပါက သင့်မြတ်မည်ဟု ယူဆပါကြောင်း။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ပြည်ထောင်စုလွှတ်တော်နာယက၏ ဆန္ဒမဲပေးခွင့်ကိုလည်း သတ်မှတ်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကသည် သာမန်အားဖြင့် ဆန္ဒမဲမပေးရ၊ ထောက်ခံမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်တူညီနေသည့်အခါများမှာသာ အနိုင်မဲပေးရမည်ဆိုသည့် သတ်မှတ်ချက်ထားရှိသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို မှန်မှန်တက်ရောက် တာဝန်ထမ်းဆောင်ကြရန် တာဝန်ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် မလွဲမရှောင်သာသည့် အကြောင်းကြောင့် လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်လျှင် ပြည်ထောင်စုလွှတ်တော်နာယကထံ ခွင့်ပန်ကြားဖို့ရန် လိုအပ်ပါကြောင်း၊ ခွင့်ပြုချက်မရဘဲ ရက်ပေါင်း၁၅ရက် တစ်ဆက်တည်း ပျက်ကွက်မည်ဆိုလျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်ကို အရေးယူရန် ဆောင်ရွက်ရတော့မှာ ဖြစ်ပါကြောင်း၊ ယင်းသို့အရေးယူရန် ခွင့်မဲ့ပျက်ကွက်သည့် ၁၅ရက်ကို ရေတွက်ရာတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရန်ကိုလည်း သတ်မှတ်ချက်ထားရှိသင့်ပါကြောင်း။

အရေးယူရာတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် သီးခြားအရေးယူခြင်း မပြုတော့ဘဲ သက်ဆိုင်ရာလွှတ်တော်ကို အကြောင်းကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဆိုလျှင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ အရေးယူရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဆိုလျှင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအရ အရေးယူရန် ဆောင်ရွက်မှသာ သင့်လျော်မည်ဟု ယူဆပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် အကြောင်းကြောင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းသို့လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေသော်လည်း ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို စဉ်ဆက်မပြတ် ပုံမှန်ဆောင်ရွက်သွားနိုင်ရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှာလည်း ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့ပြီး အကြောင်းကြောင်းကြောင့် ကိုယ်စားလှယ်တစ်ဦးအဖြစ် အခွင့်အရေးမရှိသူတစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်နိုင်ပါကြောင်း၊ ယင်းသို့ လွှတ်တော်အစည်းအဝေး တရားဝင်တက်ရောက်ခွင့်မရှိသူ တစ်ဦးဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက် ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်ခြင်း မရှိစေရန်လည်း လိုအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်

အချပ်ပို (ဂ) မှ

အဆိုပါ ရှင်းလင်းတင်ပြချက်နှင့် ဆက်စပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက တင်သွင်းသည့် ဥပဒေကြမ်းများအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားသည့် ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌ဖြစ်စေ၊ အမျိုးသားလွှတ်တော်၌ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့် ရှိသင့်ပါကြောင်း၊ တင်ပြလိုပါကြောင်း၊

ယင်းသို့ ဆောင်ရွက်နိုင်အောင်လည်း လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒများဖြင့် နည်းလမ်းများသတ်မှတ်ပေးရန် လိုအပ်မှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများကို လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာရန် လိုအပ်ခဲ့လျှင် လေ့လာတင်ပြရမည့် ဥပဒေကြမ်းကော်မတီကဲ့သို့သော အဖွဲ့အစည်းမျိုး လိုအပ်မှာဖြစ်ပါကြောင်း။

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းကော်မတီများ ဖွဲ့စည်းရမည်ဖြစ်ကြောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဖွဲ့စည်းထားရှိမည့် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေနိုင်သည့် လုပ်ပိုင်ခွင့်နှင့် ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့ဖြင့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြစေနိုင်သည့် လုပ်ပိုင်ခွင့်များ ပြည်ထောင်စုလွှတ်တော်တွင် ရှိသင့်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အနေဖြင့်လည်း ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်းပြီး သဘောထားကွဲလွဲမှုများ ရှိနိုင်ပါကြောင်း၊ ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲခဲ့လျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူစေသင့်ပါကြောင်း။

ဥပဒေကြမ်းများကို လွှတ်တော်များက အတည်ပြုပြီးသည့်အခါ နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန် ကြေညာရန် သတ်မှတ်သင့်ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကြမ်းကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ ပြန်ပို့ခွင့်လည်း ရှိသင့်ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမရှိလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်ဆိုသည့် သတ်မှတ်ချက်လည်း ရှိသင့်ပါကြောင်း၊ ယင်းသို့ သတ်မှတ်ချက်များရှိမှသာ နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်မှုအာဏာနှင့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုမှုအာဏာအချင်းချင်း အပြန်အလှန် ထိန်းကျောင်းရာရောက်မှာဖြစ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ်ထုတ်ပြန်ခြင်း မပြုမီ နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်ပို့သည့်အခါ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့်အပိုင်းကို ဆက်လက်တင်ပြလိုပါကြောင်း။

နိုင်ငံတော်သမ္မတက ပြန်လည်ပေးပို့သည့် ဥပဒေကြမ်းသည် လွှတ်တော်နှစ်ရပ်စလုံးက ဆွေးနွေးစဉ်းစားပြီးသော ဥပဒေကြမ်းဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်နှစ်ရပ် သီးခြားစီ ဆွေးနွေးစဉ်းစားခြင်း မပြုတော့ဘဲ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ကြမည်ဆိုလျှင် ဥပဒေပြုလုပ်ငန်းကိုထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံပြီး ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့လျှင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းကို ပြင်ဆင်ပြီး နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရန် နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်းအတည်ပြုခဲ့လျှင်လည်း ယင်းသို့ မူလအတိုင်းအတည်ပြုသည့် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရန် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြရမှာ ဖြစ်ပါကြောင်း။

ဥပဒေကြမ်းကိုပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့ကစပြီး ခုနစ်ရက်အတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးရန် သတ်မှတ်သင့်ပါကြောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခြင်းမပြုခဲ့လျှင် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါတွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာမည် ဆိုသည်ကိုလည်း အသေးစိတ်အခြေခံရမည့်မူတွင် ပါရှိသင့်ပါကြောင်း။

နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည့် ဥပဒေများကို အများပြည်သူ သိရှိလိုက်နာနိုင်အောင် နိုင်ငံတော်ပြန်တမ်း၌ ထုတ်ပြန်ကြေညာခြင်းဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်ပြန်တမ်း၌ ထုတ်ပြန်ကြေညာလိုက်သည့် ဥပဒေတစ်ရပ်သည် ထုတ်ပြန်ကြေညာသည့်နေ့ကစပြီး အာဏာတည်ရမည်ဆိုသည့်အချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ထည့်သွင်းသတ်မှတ်သင့်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိရန် လိုအပ်မှာဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို နာယက၏ ခွင့်ပြုချက်ဖြင့်သာ တက်ရောက်ခွင့်ရှိကြောင်း အခြေခံမူတစ်ရပ်အနေဖြင့် ချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေးများကို စနစ်တကျ ကျင်းပနိုင်အောင် ကြီးကြပ်ကွပ်ကဲသည့် တာဝန်ကို ပြည်ထောင်စုလွှတ်တော် နာယကက ထမ်းဆောင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူကို ချမှတ်ထားသင့်ပါကြောင်း၊ ကြီးကြပ်ကွပ်ကဲရမည့် အသေးစိတ်လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက်လိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နာယကက ဖိတ်ကြားရမည်ဆိုသည်ကို အသေးစိတ်အခြေခံရမည့်မူတွင် ထည့်သွင်းချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဝင်များကိုလည်းကောင်း၊ ဆွေးနွေးဆဲအကြောင်းအရာနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်း တင်ပြစေခြင်းအားဖြင့် အများပြည်သူအတွက် အကျိုးရှိမည်ဟု ပြည်ထောင်စု နာယကက သဘောရရှိလျှင် သက်ဆိုင်ရာအဖွဲ့အစည်းဝင်များ၊ သို့မဟုတ် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစည်းအဝေးသို့ ဖိတ်ကြားနိုင်သည့် လုပ်ပိုင်ခွင့်မျိုးလည်း ပြည်ထောင်စုလွှတ်တော်နာယကမှာ ရှိသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်ဆိုသည့် အသေးစိတ်အခြေခံရမည့်မူရှိသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရန် ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်ရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ပြည်ထောင်စုလွှတ်တော် နာယကနှင့် ကြိုတင်ညှိနှိုင်းပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သင့်ပါကြောင်း။

လွှတ်တော်များ၌ ဆွေးနွေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အရေးယူစရာရှိလျှင် သက်ဆိုင်ရာ လွှတ်တော်ဥပဒေအရသာ အရေးယူသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ လွတ်လပ်စွာ တင်ပြပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသင့်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီများကို ပူးပေါင်းလေ့လာစေသည့် အခါများမှာလည်း ယင်းပူးပေါင်းကော်မတီဝင်များ အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပူးပေါင်းကော်မတီ အစည်းအဝေးတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များကိုလည်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနည်းတူ ကင်းလွတ်ခွင့်ရရှိစေသင့်ပါကြောင်း၊ ယင်းသို့ ကင်းလွတ်ခွင့်ကို ကျင့်သုံးကြမည့်အခါတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုရှိခဲ့လျှင် ကျူးလွန်သူတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေခိုက်တွင် ဖမ်းဆီးရန်လိုအပ်လျှင် ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားနှင့် ချက်ချင်းဖမ်းဆီးရန် လိုအပ်ကြောင်း အထောက်အထားများကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြပြီး နာယက၏ ကြိုတင်ခွင့်ပြုချက်ရရှိမှ ဖမ်းဆီးရမည်ဆိုသည့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို နာယက၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နေသူများ၊ နာယက၏ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များသည်လည်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်နေခိုက်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနည်းတူ အခွင့်အရေး ရှိသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ဖြန့်ချိထုတ်ဝေသည့်၊ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်၏ အခွင့်အာဏာနှင့် ဖြန့်ချိထုတ်ဝေသည့် မှတ်တမ်းမှတ်ရာများနှင့် စပ်လျဉ်းပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်ဆိုသည်ကိုလည်း အာမခံချက် ပေးသင့်ပါကြောင်း။

မိမိတင်ပြခဲ့သည့် အချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုရေးအခန်းတွင် ပါဝင်ရမည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း။

၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော် နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ (က)အရ အစည်းအဝေး အထမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက၊ သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော် နာယကက သက်ဆိုင်ရာ လွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

ဟု ဖတ်ကြားတင်ပြသည်။ ။

(သတင်းစဉ်)